ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ တနင်္လာနေ့၊ (22-1-2007) (၅၂၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. Shri Pranab Mukherjee နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. Shri Pranab Mukherjee **အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာနဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**(ယာပုံ)**နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး** H.E. Mr. Shri Pranab Mukherjee **နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၁-၂၀၀၇
(တနင်္လာနေ့)

နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း

မြန်မာနိုင်ငံ နယ်စပ်ဒေသများသည် တစ်ချိန်က တည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းများကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ယခုအခါ နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းရင်းသားလူငယ်များ၏ စွမ်းရည်မြှင့်တင်ရေးအတွက် စာသင်ကျောင်းများကို တိုးချဲ့ တည်ဆောက်ပေးထားရာ ကျောင်းသူ၊ ကျောင်းသားပေါင်း တစ်သိန်းရှစ်သောင်းကျော် ပညာသင်ကြားလျက်ရှိနေကြသည်။

ထို့အပြင် နယ်စပ်ဒေသတစ်လျှောက်၌ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အဆင့်မြင့်ပညာ ဆည်းပူးသင်ယူနိုင်သည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းများကိုလည်း ဖွင့်လှစ်ထားရာ တိုင်းရင်းသားလူငယ်များ၏ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လျက်ရှိသည်။

ထို့အတူ နယ်စပ်ဒေသများ၌ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများကို တိုးချဲ့ တည်ဆောက်ပေးထားသည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်း၌ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီးများကို ဖွင့်လှစ်ပေးထားရာ နယ်စပ်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်လျက်ရှိသည်။

အလားတူ နယ်စပ်ဒေသများ၏ စိုက်ပျိုးရေး၊ စီးပွားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း လိုအပ်ချက်များကို အားပေးကူညီပံ့ပိုးပေးလျက်ရှိရာ တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ ခုနှစ်က စတင်၍ ကဏ္ဍအလိုက် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ယခုအထိ ငွေကျပ်သန်းပေါင်း ၉၇၆၉၉သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။ ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ရာ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းကြခြင်းဖြင့် နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းနေ ကွယ်လွန်သူ ဦးဝင်းဖေအား ရည်စူး၍ ဒေါ်အေးအေးနှင့် သားသမီးမြေးမိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လားရှိုးမြို့၌ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လားရှိုး-မိုင်းယော် ကားလမ်းဘေး နားဖကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံသို့ ရောက်ရှိလာပြီး ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဒေါက်တာဆွေလွင်၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက မျိုးကောင်းမျိုးသန့် ဝက်များ ပိုမိုမွေးမြူသွားရန်နှင့် ဒေသဖူလုံစေရန်အတွက် စွမ်းအားပြည့်ဆောင်ရွက်သွားရန် မှာကြားကာ သားခွဲဝက်ရုံ၊ မျိုးဝက်ရုံနှင့် ဝက်သားဖွားရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညွှန်ကြားပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေဧက ၅၀၀၀ ဖော်ထုတ်ရေး စီမံကိန်းသို့ ရောက်ရှိလာပြီး တာဝန်ခံ ဦးခင်မောင်မြင့်က ပြောင်းနှင့် ပဲစင်းငုံ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် လားရှိုးမြို့ နာလုံကျေးရွာရှိ လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း စိန်ဝတ်မှုန် ကုမ္ပဏီလီမိတက် ရော်ဘာဧက ၄၀၀၀ စိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိလာပြီး ရှင်းလင်းဆောင်၌ မန်နေဂျာ ဦးမျိုးရီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရော်ဘာစိုက်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းနှင့် ဗလမင်းထင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အသားတိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် မိဘမျိုး အသားစားကြက်မွေးမြူရေးခြံကို သွားရောက် ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အားပေးကြည့်ရှု

ယင်းနောက် ဝန်ကြီး၊ ဒုတိယ တိုင်းမှူးနှင့်အဖွဲ့သည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကြက်ဆူပျိုးဥယျာဉ်ကိုလည်းကောင်း၊ ကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ် စက်ရုံကိုလည်းကောင်း၊ ဇီဝဒီဇယ်ဆီဖြင့် မော်တော်ကား အင်ဂျင်စက်နှိုး စမ်းသပ်မောင်းနှင် ပြသမှုတို့ကို သွားရောက်အားပေး ကြည့်ရှုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်ကောလိပ်(၁၉၇၅-၇၉)ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက်က မရမ်းကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင်ရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက ကန်တော့ကြစဉ်။ (က-ပ)

ချမ်းအေးဓမ္မစာပေပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြတ်ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွားစေရန် ရည်သန်လျက် ချမ်းအေးဆရာတော်ဘဒ္ဒန္တနာဂ သေနာဘိဝံသထေရ်၏ ဦးဆောင်မှုဖြင့် ချမ်းအေးစာတည်းအဖွဲ့မှ စီစဉ်ကျင်းပသော ဓမ္မစာပေပြိုင်ပွဲ(ဆောင်းပါး) ကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ယခုနှစ်ပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **"ကိုယ်ကျင့်သီလ၊ ပဓာန"**ဖြစ်သည်။ ပြိုင်ပွဲဝင် ဓမ္မစာပေပညာရှင်များသည် ပြိုင်ပွဲဝင်စာမူများကို အရှင်ဝိလာသ (ဝေမိုး၊ ကျွန်းလှ) ချမ်းအေးရိပ်သာ၊ သံသုမာလမ်းမ၊ ၄/ကရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၅၇၂၁၀၆၊ ဆရာချစ်ဦးညို အမှတ် ၅၄၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၇၇၃နှင့် ဦးကြိုင်မြင့်၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်အဆောက်အအုံ ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၉၅၉၈၈၊ ၃၇၁၅၆၃တို့သို့ စည်းကမ်းချက်များကို မေးမြန်းနိုင်ကြောင်းနှင့် စာမူများကို ၂၈-၂-၂၀၀၇ နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်အရန်မီးသတ်တပ်ရင်းတို့ ပူးပေါင်းဖွင့်လှစ်သော အကြိုအခြေခံ လက်နက်မဲ့စစ်ရေးပြနှင့် မီးသတ်ပညာသင်တန်း အမှတ်စဉ်(၄/၂၀၀၆) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်ရုံးခန်းမတွင်ပြုလုပ်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးဌာနမှူး ရဲသူရိန်သိန်းမြင့်အား မီးသတ်အထောက်အကူပြုပစ္စည်းများပေးအပ်စဉ်။ (ဝရ)

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၁

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ၂၃ ရက် ဆည်းဆာ၌ လေးကျွမ်းမြေ စစ်ကိုင်း၊ ၎င်းည ၇ နာရီတွင် ပရိယတ္တိအသင်း ဦးလှသိန်း ဗိမာန်-မန္တလေး၊ ၎င်းည ၈ နာရီခွဲတွင် ပ/ရပ်၊ (၆၁)လမ်း၊ (၄၁-၄၂)ကြား မန္တလေး၊ ၂၄-၂၅ ရက် ညများတွင် မင်းဘူးမြို့၊ ၂၆ ရက်ညတွင် ထုံးဘို-ပုသိမ်ကြီး၊ ၂၇ ရက်ညတွင် မလဲသာရွာ-မုံရွာ၊ ၂၈ရက် ညတွင် ၂၄ ဆူဘုရား မတ္တရာ၊ ၂၉ ရက်ညတွင် ကျားရွာ-ရွှေဘို၊ ၃၀ ရက်(ဆည်းဆာ)တွင် ရန်အောင်မြင်-စစ်ကိုင်း၊ ၎င်းညတွင် လေးစုကန်တော်ရပ် အမရပူရ၊ ၃၁ ရက်ညတွင် ပုညကာရီ-ထွန်းတုံး မန္တလေး၊ ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီတွင် ဖျောက်ဆိပ်ကုန်းရွာ အမရပူရ၊ ဆည်းဆာတွင် ကုန်းနီရွာ စဉ့်ကိုင်၊ ၎င်းညတွင် ဖလံဖိုရွာ စဉ့်ကိုင်၊ ၂ ရက်ညတွင် ကျွဲပွဲမြို့၊ ၃ ရက်ညတွင် ဆောင်းခါးအလယ်ရွာ ဆားလင်းကြီး၊ ၄ ရက်ညတွင် ဆင်တဲရွာ တံတားဦးမြို့၊ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ဇဂျမ်းရွာတောင်သာ၊ ၎င်းညတွင် ပရိယတ္တိသဒ္ဓမ္မပါလ မြင်းခြံ၊ ၆ ရက်ညတွင်(၅၅)ရပ်၊ တ/ဒဂုံရန်ကုန်၊ ၇ ရက်ညတွင် ၁၃ ရပ်ကွက် တ/ဥက္ကလာ၊ ၈ ရက် ဆည်းဆာတွင် မြေနီကုန်းဓမ္မာရုံ စမ်းချောင်း၊ ၎င်းညတွင် ၅ ရပ်ကွက် သုမနဗိမာန် သာကေတ၊ ၉ ရက်ည(ဆည်းဆာ)တွင် ဝိနယာသီသ ကြည့်မြင်တိုင် (၎င်းည)တွင် ၅ ရပ်ကွက် သုမနဗိမာန် သာကေတ၊ ၁၀ ရက်ညတွင် ခေမာကျောင်းလမ်း မ/ဥက္ကလာ၊ ၁၁ ရက်ညတွင် ဈ-၃၄ ရွှေပြည်သာ ရန်ကုန်၊ ၁၂-၁၃ ရက် ညများတွင် ပင်လုံဈေး လှိုင်သာယာ၊ ၁၄ ရက်ညတွင် နဝရတ်ဈေး ရွှေပြည်သာ၊ ၁၅ ရက်ညတွင် ရတနာသိင်္ဂီဈေး (ဈ)ရပ်ကွက်၊ မ/ဥက္ကလာ၊ ၁၆ ရက် ဆည်းဆာတွင် ဈေးကလေးထီးတန်းရပ် ကြည့်မြင်တိုင်၊ ၎င်းညတွင် (ဈ)ရပ်ကွက် ရတနာသိင်္ဂီဈေး ကြည့်မြင်တိုင် ရန်ကုန် ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဗုဒ္ဓဂယာ မဟာဗောဓိ ဆုတောင်းပြည့်စေတီတော် အထက်ဌာပနာတော်ပိတ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မှော်ရွာဦးရှိ ဝိဇာတကုန်းတော်မြတ်၌ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒသည် မိမိဇာတိချက်ကြွေမွေးရပ်မြေ၌ မိဘနှစ်ပါးတို့၏ အနန္တဂုဏ်ရည်တို့ကို ရည်ရွယ်ပူဇော်ကာ တည်ထားကိုးကွယ်အပ်သော အနန္တဂုဏ်ရည် ရန်ပြေမာန်ပြေ မဟာဗောဓိဆုတောင်းပြည့်စေတီတော်မြတ်၏ အထက်ဌာပနာတော်ပိတ်ပွဲကို ယမန်နေ့က အဆိုပါစေတီတော်၌ ကျင်းပသည်။

ပဲခူးတိုင်း (အနောက်ပိုင်း)ရွှေတောင်မြို့နယ် တရုတ်မှော်ရွာဦးရှိ အနန္တဂုဏ်ရည် ရန်ပြေမာန်ပြေ မဟာဗောဓိဆုတောင်းပြည့်စေတီတော်မြတ်ကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ဆရာတော် သံဃာတော်များ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ၏ ဇနီး(မဏ္ဍိုင်ဒေသ သာသနာပြု) ဒေါ်ခင်မာအေးနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများ ဖြစ်ကြသော ဒေါက်တာမောင်ဥိနီ (ဓမ္မမောင်ဥိသီလရှင်စာသင်တိုက်) ရွှေတောင်မြို့နှင့် ပြည်မြို့ရှိစွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး မြို့မရွာ ရွှေမော်ဓော ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများနှင့်အတူ ဗုဒ္ဓ၏သရီရဓာတ်တော်မွေတော်များကို ဌာပနာတော်အတွက် ဆက်ကပ်လှူဒါန်းကြသည်။

မင်္ဂလာအချိန်

ယင်းနောက် အထက်ဌာပနာတော် ပိတ်ပွဲကို မင်္ဂလာအချိန်တွင် နာယကဆရာတော်များဖြစ်ကြသော ရွှေတောင်တိလောကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ အောင်တော်မူဆရာတော် သဒ္ဓမ္မဇောတိက ဒေါက်တာအရှင်သုန္ဒရ၊ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဆီမီးထူး ဆရာတော် ဘဒ္ဒန္တဝိနယ (ဝံသမေဒိနီ) တို့ ဦးဆောင်ကာ ဆရာတော် သံဃာတော်များက ဆောင်ရွက်တော်မူကြသည်။

ရွတ်ဆိုပူဇော်

ယင်းနောက် အခမ်းအနားကို ဇယန္တော ဗောဓိယာမူလေ စသော အောင်ဂါထာတော်များ ရွတ်ဆိုပူဇော်ပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲမင်္ဂလာကို ဆက်လက်ကျင်းပသည်။

ထို့နောက် ရွှေတောင်တိလောကာရုံကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားတော်များကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းကာ ဓမ္မမိတ်ဆွေများက စေတီတော်ပရိဝုဏ် အတွင်း ကံ့ကော်ပင်၊ ဗောဓိပင်၊ အင်ကြင်းပင်များကို စိုက်ပျိုးလှူဒါန်းကြသည်။

ဗုဒ္ဓါဇယန္တီ၊ ဗုဒ္ဓါဘိသေကပွဲ၊ ပဋ္ဌာန်းပွဲနှင့် အောင်ပွဲတရားပွဲများကို အဆိုပါ စေတီတော်မြတ်၌ ၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်မှ ၇ရက်ထိ ဗုဒ္ဓဂယာဆရာတော်က ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆင်းလှခြင်း၊ မလှခြင်း စသည့်အကြောင်းများ

အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ်မလ္လိကာဒေဝီသုတ် ပါဠိ ၅၂၃၊ အဋ္ဌကထာ ၃၇၂ ၌ အဆင်းလှခြင်း မလှခြင်း၊ အကျိုးတရားများသည် အောက်ပါပြုမိသော ကံတရားပေါ်တွင် တည်မှီ၍ ဖြစ်ပျက်တတ်ကြောင်းကို ဖော်ပြထားပါသည်။

- **ဒေါသကြီးသူသည် အဆင်းမလှဖြစ်ရတတ်၏**
- **အမျက်မထွက် သည်းခံတတ်သူသည် ရုပ်အဆင်းလှပတတ်၏**
- **မလှူဒါန်း မပေးကမ်းတတ်သူသည် ဆင်းရဲတတ်၏**
- **လှူဒါန်း ပေးကမ်းတတ်သူသည် ချမ်းသာတတ်၏**

ဟု ဟောကြားတော်မူသည်။

ရုပ်အဆင်းလှပတင့်တယ်၍ အခြွေအရံသင်းပင်းနှင့် ဥစ္စာပစ္စည်းပေါများလိုပါလျှင် သီလဆောက်တည်၊ သည်းခံခွင့်လွှတ် ပေးကမ်းလှူဒါန်းခြင်းဖြင့် မိမိတို့အလိုရှိသည့် ဆန္ဒပြည့်ဝကြပါစေသတည်း။ **(သာသနာရေး)**

သွေးဆေးကန်အရှင်နန္ဒာစရိယ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်)သာသနဓဇ ဓမ္မာစရိယ ဂဏဝါစကဓမ္မာစရိယသည် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မွေတော်ကျေးရွာ မွေတော်ကျောင်းတိုက်ကြီး အတွင်း၌ တတိယအကြိမ် ခုနစ်ရက်တရားစခန်းပွဲ ကို (တပို့တွဲ လဆန်း၉ရက်မှ လပြည့်ကျော်၁ရက်)၊ ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် မီးဘေး ကာကွယ်ရေးအတွက် ငွေကျပ် ၁၄၀၀၀၀တန် ရေစုပ်စက် တစ်လုံးနှင့် ချစ်မိုးပညာဘဏ်တိုက် စာကြည့်တိုက်အတွက် ငွေကျပ် တစ်သိန်း၊ (၂)ရပ်ကွက် နာရေးကူညီမှုအဖွဲ့ (ယာယီ)သို့ ငွေကျပ် သုံးသိန်း လှူဒါန်းပွဲကို ဇန်နဝါရီ ၉ ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ အလှူရှင် ဦးလှစိန် (သံမဏိလှစိန် ကုမ္ပဏီလီမိတက်)က ပေးအပ်လှူဒါန်းရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင် စိုးမိုး လက်ခံယူစဉ်။

(၂၉)

ဂုဏ်ပြုပွဲ၊သရုပ်ပြပွဲနှင့် ဟောပြောမှုစွမ်းရည်ပြပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့ နဒီနက္ခတ်ပညာ သင်တန်းကျောင်းကစီစဉ်သည့် ကွန်ပျူတာဇာတာရေးသားဖန်တီးတီထွင်သူ ပညာရှင်များအား ဂုဏ်ပြုပွဲ၊နဒီနက္ခတ်ဗေဒင် ကွန်ပျူတာဇာတာ သရုပ်ပြပွဲနှင့် ဟောပြောမှုစွမ်းရည်ပြပွဲကို ဇန်နဝါရီ ၂၉ရက်နံနက် ၉နာရီမှ ၁၂နာရီအထိ တစ်ကြိမ်နှင့်မွန်းလွဲ ၁ နာရီမှ ညနေ ၄နာရီအထိတစ်ကြိမ် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ဟောပြောပွဲခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဖုန်း-၀၉၅၁၅၃၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် Communicative English Language Course for Women သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာအမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက မြန်မာအမျိုးသမီးများ ပညာရည်မြင့်မားရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းဆင်းများအနေဖြင့် သင်တန်းကပို့ချချက်များကို ဆက်လက်လေ့ကျင့်သွားကြရန် တိုက်တွန်းကြောင်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူလေးဦးက လက်ခံရယူသည်။

ဆက်လက်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်လှက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ အလှူငွေ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က လက်ခံသည်။ အဆိုပါသင်တန်းကို ရက်သတ္တပတ်ကြာပို့ချခဲ့ပြီး သင်တန်းသူ ၁၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် Communicative English Language Course for Women **သင်တန်းဆင်းပွဲတွင် သင်တန်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြစဉ်။** (သတင်းစဉ်)

ကွန်ဂရက်၏ ခွင့်ပြုချက်မရဘဲ အီရန်ကို မတိုက်ရန် အောက်လွှတ်တော်အမတ်များက ဥပဒေကြမ်းတင်သွင်း

ဝါရှင်တန် ဇန်နဝါရီ ၂၁

အီရန်နိုင်ငံကို ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက် မရရှိဘဲ တိုက်ခိုက်ခြင်း မပြုရန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ် အစိုးရအဖွဲ့အား တိုက်တွန်းသည့် ဥပဒေကြမ်းတစ်ရပ်ကို အောက်လွှတ်တော် အမတ်များက တင်သွင်းလိုက်ကြောင်း ယနေ့ မီဒီယာသတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဥပဒေမူကြမ်းကို ရီပတ်ဘလီကင်ပါတီမှ အောက်လွှတ်တော် အမတ်ဝေါလ်တာဂျုံးနှင့် အမတ်ငါးဦးတို့ကဦးဆောင်တင်သွင်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ သို့မဟုတ် အမေရိကန်အကျိုးစီးပွားများ တိုက်ခိုက်ခံရခြင်း မဟုတ်လျှင် အီရန်ကို စစ်ရေးအရ အရေးယူလိုပါက ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်ကို ဦးစွာရယူရန် လိုအပ်ကြောင်း အဆိုပါ ဥပဒေကြမ်း၌ ဖော်ပြထားသည်။

ဝေဖန်

အီရတ်ဆိုင်ရာ မဟာဗျူဟာသစ်နှင့် စပ်လျဉ်း၍ သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ ဘုရှ်အား ၎င်း၏ ရီပတ်ဘလီကင်ပါတီမှ အမတ်များကပင်လျှင် ဝေဖန်လာချိန်တွင် ယင်းဥပဒေကြမ်းပေါ်ထွက်လာခြင်းဖြစ်သည်။ အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခြင်း မပြုမီ သမ္မတဘုရှ်အစိုးရအဖွဲ့က အကြိမ်ကြိမ်လိမ်ညာခဲ့ကြောင်း မက်ဆာချူးဆက်ပြည်နယ် ဒီမိုကရက်အမတ် မာတင်မီဟန်က ပြောကြားသည်။

အင်တာနက်။

ကနေဒါနိုင်ငံ ဝင်နီပက်ဂ်ဒေသရှိ ကျန်းမာရေး ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးနေသော ဝန်ထမ်းတစ်ဦးအား ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစမ္မပြုကျင့်ပြီး မိသားစုကိုပါ သတ်ခဲ့သူ အမေရိကန်တပ်ဖွဲ့ဝင် အပြစ်ဝန်ခံမည်

ဝါရှင်တန် ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က အသက် ၁၄နှစ် အရွယ်ရှိ အီရတ်လူမျိုးမိန်းကလေးတစ်ဦးကို အစမ္မပြုကျင့်ပြီး သူမနှင့် သူမ၏မိသားစုကိုပါ သတ်ဖြတ်ခဲ့သူ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက ၎င်း၏ပြစ်မှုနှင့်ပတ်သက်၍ အပြစ်ရှိသည်ဟု ဝန်ခံရန် သဘောတူလိုက်ကြောင်း အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်၏ ရှေ့နေက သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး တော်တကက်ဇ်သည် ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် ဝန်ခံပြောကြားမည်ဖြစ်ကြောင်း ရှေ့နေ ဝီလျံကက်စရာက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အသက် ၂၄နှစ်အရွယ်ရှိ တော်တကက်ဇ်သည် ၎င်း၏ အမှုနှင့်ပတ်သက်၍လည်းကောင်း၊ အခြားသော အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသော အမှုများနှင့်ပတ်သက်၍လည်းကောင်း စစ်ဆေးကြားနာရာတွင် တရားရုံးတော်နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ရာ ၎င်းမှာ သေဒဏ်စီရင်ချက်ကျခံရတော့မည်မဟုတ်ကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။

ယင်းအမှုတွင် ပါဝင်ပတ်သက်ခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဂျိမ်းစ်ဘေကာကလည်း အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီးဖြစ်သည်။ အီရတ်နိုင်ငံ မာမွတ်ဒီယာကျေးရွာတွင် ၂၀၀၆ ခုနှစ် မတ်လ ၁၂ ရက်က အဆိုပါအမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ သိပ္ပံပြတိုက်၌ ပြသထားသော အလိုအလျောက် သွားလာနိုင်သည့် မောင်းသူမဲ့ မော်တော်ကားတစ်စီးကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ပါကစ္စတန်နိုင်ငံက အာဖဂန်နစ္စတန်နယ်စပ်၌ စစ်ဆေးရေးစခန်း ၄၀၀ ထူထောင်ဖွင့်လှစ်မည်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၀

နယ်စပ်မှ တရားမဝင်ဖြတ်သန်းမှုနှင့် ပတ်သက်၍ စစ်ဆေးရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်တွင် ပါကစ္စတန်နိုင်ငံက စစ်ဆေးရေးစခန်း ၄၀၀ ဖွင့်လှစ်မည်ဖြစ်ကြောင်း နိုင်ငံပိုင်ရေဒီယိုက တနင်္လာနေ့တွင် ကြေညာသည်။

စစ်ဆေးရေးစခန်း ၁၀၀

ပါကစ္စတန် - အာဖဂန်နစ္စတန် နယ်စပ်၏ လုံခြုံရေးကိုပြန်လည်သုံးသပ်နိုင်ရန်အတွက် အဆင့်မြင့်ပုဂ္ဂိုလ်များ အစည်းအဝေးတွင် ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး မူရှာရက်ဖ်က တနင်္လာနေ့တွင် ပြောကြားခြင်းဖြစ်သည်။ နယ်စပ်တစ်လျှောက်တွင် အာဖဂန်နစ္စတန်နိုင်ငံဘက်၌ စစ်ဆေးရေးစခန်း ၁၀၀ရှိသည်ဟု သိရှိရပြီး ယင်းအာဖဂန်နယ်စပ်ဘက်တွင် စစ်ဆေးရေးစခန်းတိုးမြှင့်ဖွင့်လှစ်ရန် လိုအပ်သေးသည်ဟု ရေဒီယိုက ကြေညာသည်။

အာဖဂန် - ပါကစ္စတန် နယ်စပ်ဒေသကို ထိန်းချုပ်နိုင်ရန်အတွက် အစီအစဉ်အမျိုးမျိုး ချမှတ်လုပ်ဆောင်ရန် လိုအပ်သလို အာဖဂန်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ တရားမဝင်လုပ်ငန်းများအား စစ်ဆေးမည့် အစီအစဉ်များကိုလည်း ချမှတ်ရန် လိုအပ်သည်ဟု ပြည်ထဲရေးဝန်ကြီး ခန်ရှာပါအိုက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှား ချောဆီများ ဂျပန်ဈေးကွက်တွင် စတင်ရောင်းချ

ကွာလာလမ်ပူ ဇန်နဝါရီ ၂၀

မလေးရှားနိုင်ငံ၏ ပက်ထရိုနော့ရေနံကုမ္ပဏီသည် ဂျပန်နိုင်ငံစက်ဆီချောဆီဈေးကွက်သို့ စတင်ဝင်ရောက်ရောင်းချနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်ထုတ်သတင်းများက ဖော်ပြသည်။

ပက်ထရိုနော့ရေနံကုမ္ပဏီသည် ဂျပန်ဈေးကွက်အတွင်း ဆင်ထဖ်ဟူသော အမည်ဖြင့် စက်ဆီချောဆီများ ဖြန့်ဖြူးရောင်းချနေခြင်း ဖြစ်သည်။ ထိုစက်ဆီချောဆီများကို နဂိုယာနှင့် တိုကျိုဈေးကွက်များတွင် စတင်ရောင်းချမည်ဖြစ်ပြီးနောက်ပိုင်းတွင် ဂျပန်နိုင်ငံ အခြားဒေသများသို့ တိုးချဲ့ဖြန့်ဖြူးသွားမည်ဖြစ်သည်။ ဆင်ထဖ်ချောဆီစက်ဆီများကို ဖြန့်ဖြူးရာ၌ နာမည်ကြီး မက်နာမော်တော်ယာဉ်ပစ္စည်းများ ဖြန့်ဖြူးသည့် ကုမ္ပဏီကြီးမှတစ်ဆင့် ဖြန့်ဖြူးရောင်းချမည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟောင်ကောင်ရှိ နက္ခတ္တဗေဒနှင့် အာကာသသိပ္ပံပြတိုက်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောတစ်ဝန်း၌ ကလေးငယ်ငါးသိန်းကျော် ၂၀၀၆ ခုနှစ်အတွင်း အိပ်ချ်အိုင်ဗွီ ကူးစက်ခံရ

ကုလသမဂ္ဂ ဇန်နဝါရီ ၂၀

ကမ္ဘာတစ်ဝန်းတွင် ယမန်နှစ်က ခန့်မှန်းခြေ ၅၃၀၀၀၀ ခန့်ရှိ ကလေးငယ်များမှာ အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံခဲ့ရပြီး အများစုမှာ မိခင်မှ ကလေးသို့ ကူးစက်ခဲ့ကြခြင်းဖြစ်ကြောင်း ကုလ သမဂ္ဂကလေးသူငယ်များရန်ပုံငွေ (ယူနီဆက်ဖ်) အဖွဲ့က အင်္ဂါနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

ယင်းအစီရင်ခံစာကို ယူနီဆက်ဖ်နှင့် အခြားအိဒ်စ်ရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှု ပြုလုပ်နေသည့်အဖွဲ့များက နှစ်ပတ်လည် အစီရင်ခံစာအဖြစ် ပူးပေါင်းရေးသား ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းကလေးငယ်များသည် အသက်နှစ်နှစ်မပြည့်မီ နှစ်ဦးလျှင် တစ်ဦးကျ သေဆုံးမည်ဟု ယင်းအစီရင်ခံစာတွင် ထောက်ပြထားသည်။

မိခင်မှ ကလေးငယ်သို့ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုကာကွယ်ရေးအတွက် နိုင်ငံအချို့က ကြိုးပမ်းနေကြပြီး အိပ်ချ်အိုင်ဗွီ၊ အိဒ်စ်ရောဂါဖြစ်ပွားနေသည့် ကလေးငယ်များကို ဆေးကုသပေးနေလင့်ကစား အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူ ကိုယ်ဝန်ဆောင်အမျိုးသမီးအနည်းငယ်သာ လိုအပ်သည့် ဆေးဝါးကုသမှုရရှိနေသည်ဟု အစီရင်ခံစာက ဖော်ပြသည်။ မိခင်မှ ကလေးငယ်သို့ ယင်းရောဂါကူးစက်မှုမရှိစေရန် ကာကွယ်တားဆီးပြီး မိခင်များအနေဖြင့် အိပ်ချ်အိုင်ဗွီ၊ အိဒ်စ်ရောဂါကင်းဝေးစေရန်ဆောင်ရွက်ရေးသည် အဆောတလျင် ပြုလုပ်ရမည့်ကိစ္စဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း မြန်မာ့ ကြွေထည် မြေထည်လုပ်ငန်း အုတ်စက်ရုံစီမံကိန်း (နေပြည်တော်) ရှိ ထုတ်လုပ်ပြီး အုတ်စိမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အုတ်စက်ရုံ စီမံကိန်း(နေပြည်တော်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအနီး မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော အုတ်စက်ရုံစီမံကိန်း (နေပြည်တော်)သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် စက်ရုံတည်ဆောက်မည့်မြေနေရာအား ရှုရပ်မှ ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးအုန်းကျော်က မြေနေရာပြုပြင်ပြီးစီးမှု၊ ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်မည့်နေရာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မင်းကုန်းအုတ်စက်ရုံခွဲ သို့ရောက်ရှိကာ မင်းကုန်းမြေ စမ်းသပ်အုတ်ပုံစံ၊ ကျောက်ဆည် မြင်စိုင်းဘုရားမှ အုတ်နမူနာ၊ စက်ရုံထုတ် လောင်စာတောင့် နမူနာများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးအုန်းကျော်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ခြောက်ပေါက်အုတ်စိမ်းများ၊ ထုတ်လုပ်ပြီး အုတ်စိမ်းများနှင့် အုတ်မီးဖုတ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လောင်စာတောင့်ထုတ်လုပ်မှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး လောင်စာတောင့် ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက စက်ရုံထုတ် အုတ်များ တိုးတက်ထုတ်လုပ်ဖြန့်ဖြူးသွားရေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိတ်မြို့မဟာစည်ရိပ်သာ ၁၀ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့မဟာစည်ရိပ်သာကြီး၏ နာယကဖြစ်တော်မူသော မြန်အောင်လေးမျက်နှာဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယဘဒ္ဒန္တပညိန္ဒာဘိဝံသသည် ဖေဖော်ဝါရီ ၅ ရက်မှစ၍ မြိတ်မြို့အေးရိပ်ချောင်မဟာစည်ရိပ်သာ၌ ၁၀ရက်တရားစခန်းများဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေကျော်ကျေးရွာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ရေကျော်ကျေးရွာ မဟာဓမ္မိကာရာမပိဋကတ်ကျောင်းတိုက်ကြီးအတွင်း၌ တတိယအကြိမ် ခုနစ်ရက်တရားစခန်းပွဲကြီးကို (တပို့တွဲလပြည့်ကျော် ၅ ရက်မှ ၁၁ ရက်) ဖေဖော်ဝါရီ ၆ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက်မဏိရတနာမိုးကုတ်ကျောင်းမှ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယရွှေရတနာဆရာတော် ဘဒ္ဒန္တကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇဓမ္မာစရိယ ဂဏဝါစကဓမ္မာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အ င် တ ာ န က် ကျ န် း မ ာ ရေ း သ တ င် း

ခရမ်းချဉ်သီးနှင့် အစိမ်းရောင်ဂေါ်ဖီပန်းပွင့် ဆီးကျိတ်ကင်ဆာရောဂါ ကာကွယ်နိုင်

ချီကာဂို ဇန်နဝါရီ ၂၁

အစိမ်းရောင်ဂေါ်ဖီပန်းပွင့်နှင့် ခရမ်းချဉ်သီးတို့ကို တွဲဖက်စားသုံးခြင်းသည် အမျိုးသားများတွင် ဖြစ်ပွားတတ်သည့် ဆီးကျိတ်ကင်ဆာကို သက်သာပျောက်ကင်းစေရာ၌ အထောက်အကူပြုသည်ကို သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။

ဆီးကျိတ်ကင်ဆာရောဂါ သက်သာပျောက်ကင်းစေနိုင်သော ဂေါ်ဖီပန်းပွင့်နှင့် ခရမ်းချဉ်သီးတို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ အီလီွနွိုက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဖော်ပြပါအစားအစာနှစ်မျိုး၏ အာနိသင်ကို သိရှိနိုင်ရန် ဓာတ်ခွဲခန်းသုံးကြွက်များကိုအသုံးပြု၍ လေ့လာစူးစမ်းရာမှ အထက်ပါကောက်ချက်ကို ချနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမကြွက်များကို ဆီးကျိတ်ရောဂါဖြစ်လာစေရန် ဖန်တီးပေးသည်။ ထို့နောက် နေ့စဉ်စားသုံးသော အစားအစာတွင် အစိမ်းရောင်ဂေါ်ဖီပန်းပွင့် ၁၀ ရာခိုင်နှုန်းနှင့် ခရမ်းချဉ်သီး ၁၀ ရာခိုင်နှုန်းရောနှောထားသော အစားအစာကို ကျွေးသည်။

ဒုတိယကြွက်တစ်စုကို ဂေါ်ဖီပန်းပွင့်အစိမ်းရောင်ပါသော အစားအစာကိုကျွေးပြီး တတိယအသုတ်ကြွက်အုပ်စုကို ခရမ်းချဉ်သီးအမှုန့်ပါသောအစားအစာကိုကျွေးသည်။ နောက်ကြွက်အုပ်စု တစ်စုကိုမူ သင်းကွပ်၍ထားသည်။ ထိုအုပ်စုများကို လေ့လာကြည့်ရာ သီတင်းပတ် ၂၂ ပတ်အကြာတွင် ဗဂိုကိုလီနှင့် ခရမ်းချဉ်သီးရောထားသော အစာနှစ်မျိုးစားရသောကြွက်များတွင် ဆီးကျိတ်ရောဂါ ကင်ဆာဖြစ်ပွားမှုလျော့နည်းလာသည်ကို တွေ့ရသည်။

ရောနှောစားသုံးသင့်

ဤလေ့လာမှုကို ဂျွန်အက်မင်နှင့် အဖွဲ့က ပြုလုပ်ခဲ့ကြသည်။ အထက်ပါတွေ့ရှိချက်များအရ အသက်ကြီးပိုင်း ဆီးကျိတ်ကင်ဆာရောဂါရှိသူများသည် ဓာတုဗေဒဆေးဝါး စားသုံးခြင်းနှင့် ဓာတ်ကင်ခြင်းနှစ်မျိုးစလုံးပြုလုပ်နေချိန်တွင် ခရမ်းချဉ်သီးနှင့် ဂေါ်ဖီပန်းပွင့်အစိမ်းကိုပါ အစားအစာတွင် ရောနှောစားသုံးသင့်သည်ဟု သိပ္ပံပညာရှင် ကတ်စတီးနီနီအဒမ်က ပြောကြားသည်။ ၎င်းသည် ယခုလေ့လာမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။

ဖော်ပြပါလေ့လာချက်များကို ဇန်နဝါရီ ၁၅ ရက်နေ့အထိ ကင်ဆာရောဂါ သုတေသနဂျာနယ်တွင် ရေးသားဖော်ပြထားသည်။ **အင်တာနက်**

လယ်ဝေးမြို့နယ် ပါရမီသွေးလှူရှင်များအသင်း အသင်းဝင် သွေးလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပါရမီသွေးလှူရှင်များအသင်းမှ အသင်းဝင် သွေးလှူရှင်များအား ဂုဏ်ပြုပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြို့မ စိန်ရတုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာပါရမီသွေးလှူရှင်များအသင်း ဆေးပဒေသာပင်အတွက် အလှူရှင်များက အလှူငွေကျပ်နှစ်သိန်း လေးသောင်းကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပါရမီသွေးလှူရှင်များ အသင်းဥက္ကဋ္ဌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးဝင်းက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က ပါရမီသွေးလှူရှင်များအသင်းမှ သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ သွေးလှူရှင်များကိုယ်စား ဦးဇေယျာအောင်က လက်ခံသည်။ **(အောက်ဝဲပုံ)**

ဆက်သွယ်နိုင်

လယ်ဝေးမြို့နယ် ပါရမီသွေးလှူရှင်များအသင်းအနေဖြင့် သွေးသွင်းကုသရန်လိုအပ်သော လူနာများအတွက် သွေးများကို လှူဒါန်းလျက်ရှိရာ လိုအပ်ပါက ပါရမီသွေးလှူရှင်အသင်း ဥက္ကဋ္ဌ ဦးဌေးဝင်း၊ ဖုန်း-၀၆၇-၃၀၃၄၆၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်ညို ဖုန်း-၀၆၇-၃၀၀၄၆၊ အလုပ်အမှုဆောင် ဦးမောင်မောင်ဌေး (မြခွာညိုဓာတ်ပုံ) ဖုန်း-၀၆၇-၃၀၀၃၄နှင့် အလုပ်အမှုဆောင် ဦးစိုးဝင်းထွန်း ဖုန်း-၀၆၇-၃၀၀၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖွင့်လှစ်

လသာမြို့နယ် (၉)ရပ်ကွက်ရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မူမူတင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဇာနည်ထွန်းတို့ ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသင်းဝင်လိုသူများနှင့် ပညာသင်ဆုရကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ သက်ကြီးပူဇော်ပွဲတွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၌ အသက် ၇၅နှစ် ပြည့်ခဲ့ကြသည့် နာယကကြီးများ၊ အသင်းအမှုဆောင်များနှင့် ဂုဏ်ထူးဆောင် အသင်းဝင်များအား ပူဇော်ကန်တော့မည်ဖြစ်ရာ ကန်တော့ခံသက်ကြီးများသည် ဇန်နဝါရီ ၂၅ ရက်နောက်ဆုံးထား၍ ဦးကျော်အောင် ဖုန်း-၂၅၂၇၀၉၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ဇံလှ ဖုန်း-၅၅၆၂၂၁ တို့ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့ ကြေညာချက်ထုတ်ပြန်

မြန်မာ့အရေးသည် တိုင်းရင်းသားအချင်းချင်း ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်

ပြည်ပမှ ဝင်ရောက်စွက်ဖက် ဖြေရှင်းမှုကို လက်မခံနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေး အဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ်
ဥပဒေဘောင်အတွင်းဝင်ရောက်လာသော သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့၏ ကြေညာချက်

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံရေးဆိုင်ရာ အစီအစဉ်တင်သွင်းမှုအား ကန့်ကွက်ခဲ့ပါသည်။ မိမိတို့အဖွဲ့အစည်းမှ ကန့်ကွက်ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကလည်း ကန့်ကွက်ခဲ့သည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

၂။ လုံခြုံရေးကောင်စီတွင် အစီအစဉ်တင်သွင်းမှုအား မြန်မာနိုင်ငံအရေးအခြေအနေကိုနားလည်ပေးပြီး ထောက်ခံအားပေးမှု ပြုလုပ်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါသည်။

၃။ ထိုကဲ့သို့ ဆန့်ကျင်ကန့်ကွက်ခဲ့သည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားရှိမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကိုတားဆီးနှိမ်နင်းခြင်းမရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှုစသည့် မမှန်ကန်သောအကြောင်းပြချက်များနှင့် ဆုံးဖြတ်ချက်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

၄။ ထိုကဲ့သို့ လုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်ဆိုခြင်းမှာ မမှန်မကန်စွပ်စွဲမှုသာဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံမှ ကြားနေခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိမကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံ၏အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်သဖြင့် ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြောင်းကြေညာအပ်ပါသည်။

(ဦးစောဂွယ်မူး)	**(ဦးစောသန်းမြင့်)**
ဥက္ကဋ္ဌ	**ဒု–ဥက္ကဋ္ဌ**
သံတောင်မြို့နယ်	**သံတောင်မြို့နယ်**
အထူးဒေသငြိမ်းချမ်းရေးအဖွဲ့	**အထူးဒေသငြိမ်းချမ်းရေးအဖွဲ့**

MTA တပ်ဖွဲ့ဝင်ဟောင်း မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ကြေညာ

အမေရိကန်နှင့် ဗြိတိန်တို့၏ အကြောင်းပြချက်များမှာ ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လေဟန်၊ မမှန်မကန် လုပ်ကြံစွပ်စွဲမှုသာဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် MTAတပ်ဖွဲ့ဝင်ဟောင်း မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
MTA တပ်ဖွဲ့ဝင်ဟောင်း မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် ယာယီသံအမတ်ကြီးက အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြုစုသည့် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂဆိုင်ရာ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ(Double Veto)သုံးကာ ပူးပေါင်းကန့်ကွက် ပယ်ချခဲ့ကြသည်ဟု ကြားသိခဲ့ရသဖြင့် ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အထူးဝမ်းမြောက်အားတက်ဖြစ်မိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျေးဇူးဥပကာရ တင်ရှိပါသည်။

၂။ အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းသော အဆိုပြုချက်မူကြမ်းပါ အကြောင်းပြစွပ်စွဲချက်များသည် မိမိတို့ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသက်သက်ကို ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လေဟန် မမှန်မကန်လုပ်ကြံစွပ်စွဲမှုသာဖြစ်ပါသည်။ ထို့ကြောင့်လည်း လုံခြုံရေးကောင်စီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က လက်မခံနိုင်ဘဲ ကန့်ကွက်ပယ်ချခဲ့ရခြင်းသာဖြစ်သည်ဟု ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် ယုံကြည်သည်။

၃။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စဟုယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်အကန်ဖြစ်သည်ဟု ကျွန်ုပ်တို့အဖွဲ့အစည်းက အခိုင်အမာယုံကြည်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးစိုင်းခွန်မိန်း
ဥက္ကဋ္ဌ
MTA တပ်ဖွဲ့ဝင်ဟောင်း မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

မန္တလေးစက်မှုဇုန် စက်မှုလုပ်ငန်းရှင်များ ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံအပေါ် အရေးယူရန် စာနာထောက်ထားခြင်းကင်းမဲ့စွာ အဆိုပြုခဲ့သည့် အမေရိကန်၊ဗြိတိန်တို့ ဦးဆောင်သော အပေါင်းပါနိုင်ငံတို့အား ပြင်းထန်စွာရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မန္တလေးစက်မှုဇုန် စက်မှုလုပ်ငန်းရှင်များက ဇန်နဝါရီ ၁၄ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မန္တလေးစက်မှုဇုန် စက်မှုလုပ်ငန်းရှင်များ၏ ကြေညာချက်

ရက်စွဲ၊ ၁၄–၁–၂၀၀၇

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် မြန်မာနိုင်ငံအပေါ် အရေးယူရန် အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြသည်။ ထိုကဲ့သို့ ကန့်ကွက်မဲပေးခဲ့ခြင်းသည် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအရေး ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ ကြိုးပမ်းမှုကို အမြဲတမ်းအဖွဲ့ဝင်(၅)နိုင်ငံတွင် ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (DoubleVeto) သုံးပြီး ပယ်ချခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် မြန်မာ့သမိုင်းစဉ်တွင် မပေါ်ပေါက်ဖူးခဲ့သော စက်မှုဇုန်များ၊ စက်ရုံကြီးများ ပေါ်ပေါက်လာခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့်အတူ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်မှာ ငြင်းကွယ်၍ မရစကောင်းသော အချက်ဖြစ်ပါသည်။ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခြင်းများနှင့်အတူ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ကွန်ရက်သဖွယ် ဖောက်ထားသောလမ်းများကို အသုံးပြုလျက် မိမိတို့ယုံကြည်ရာ ကျောင်းကန်ဘုရားများကို သွားလာလျက် အေးချမ်းတည်ငြိမ်မှု၏ အရသာကို ခံစားနေကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘာသာတရား အဆုံးအမ၏အောက်တွင် မည်သည့်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကိုမျှ ဖျက်ဆီးလိုသောဆန္ဒ မရှိပါ။ စိတ်ကောင်းစေတနာကောင်းဖြင့် အခြားနိုင်ငံများ ဖွံ့ဖြိုးတိုးတက်သည်ကို ရှုမြင်လိုသော ဆန္ဒသာ ရှိပါသည်။ နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် “ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ”ဟူသော တရားကို လက်ကိုင်ထားလျက် မေတ္တာထားမှု၊ သည်းခံမှု၊ စိတ်ရှည်စာနာထောက်ထားမှု စသည့် မြင့်မြတ်သော သဘောထားများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအပေါ် အရေးယူရန် တစ်ဖက်သတ်အရေးယူရန် စာနာထောက်ထားခြင်း ကင်းမဲ့စွာ အဆိုပြုချက် တင်သွင်းခဲ့သည့် အမေရိကန်၊ ဗြိတိန်တို့ ဦးဆောင်သော အပေါင်းပါနိုင်ငံတို့အား ကျွန်ုပ်တို့ စက်မှုလုပ်ငန်းရှင်များက ပြင်းထန်စွာ ရှုတ်ချအပ်ပါသည်။ ယင်းနိုင်ငံကြီးများနှင့် အချိန်ကိုက် ပါဝင်လှုပ်ရှားခဲ့သော နိုင်ငံနှင့်လူမျိုး၏ ကျေးဇူးသစ္စာကို မထောက်ထားသည့် အမျိုးသားရေးသစ္စာဖောက်များ၊ ပြည်တွင်း နိုင်ငံရေးအဖွဲ့အစည်းများ၊ ပြည်ပြေးသောင်းကျန်းသူများကိုလည်း ကျွန်ုပ်တို့က ဥဒါန်းမကျေ ရွံရှာမုန်းတီးလျက် ပြင်းထန်စွာ ရှုတ်ချအပ်ပါသည်။

မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာအသုံးပြု ပယ်ချခဲ့ကြသော အမှန်တရားဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိက သမ္မတနိုင်ငံအားလည်းကောင်း၊ ကြားနေမဲပေးခဲ့ကြသော အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း ကျွန်ုပ်တို့ မန္တလေးစက်မှုဇုန် စက်မှုလုပ်ငန်းရှင်များက သမိုင်းတင်လောက်အောင် ကျေးဇူးအထူးတင်ရှိပါကြောင်း ကြေညာအပ်ပါသည်။

သံတောင်မြောက်ပိုင်း အထူးဒေသငြိမ်းချမ်းရေးအဖွဲ့ ကြေညာချက်ထုတ်ပြန်

အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာ့ပြည်တွင်းရေးကို စွက်ဖက်ရန် မမှန်ကန်သော အကြောင်းပြချက်များဖြင့် ဆုံးဖြတ်ချက် တင်သွင်းခဲ့

ရန်ကုန် ဇန်နဝါရီ ၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် သံတောင်မြောက်ပိုင်းအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
ဥပဒေဘောင်အတွင်းဝင်ရောက်လာသော သံတောင်မြောက်ပိုင်း အထူးဒေသငြိမ်းချမ်းရေးအဖွဲ့၏ကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံရေးဆိုင်ရာ အစီအစဉ်တင်သွင်းမှုအား ကန့်ကွက်ခဲ့ပါသည်။ မိမိတို့အဖွဲ့အစည်းမှ ကန့်ကွက်ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှလည်း ကန့်ကွက်ခဲ့သည့်အပြင် ပြည်သူတစ်ရပ်လုံးမှလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။

၂။ ထိုကဲ့သို့ ဆန်ကျင်ကန့်ကွက်ခဲ့သည့်ကြားမှ အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်နေမှုစသည့် မမှန်ကန်သောအကြောင်းပြချက်များနှင့် ဆုံးဖြတ်ချက်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၃။ ထိုကဲ့သို့ လုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်ဆိုခြင်းမှာ မမှန်မကန်စွပ်စွဲမှုသာဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံမှ ကြားနေခြင်းဖြစ်ပြီး ၁၉၇၂ခုနှစ်မှယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်း ဖြစ်ပါသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✡

✳ ရှမ်းပြည်တပ်မတော်မှ

၁။ ကျွန်ုပ်တို့ SSA-S (မိန်းစင်)အဖွဲ့သည် နိုင်ငံတော်၏စေတနာနှင့် လုပ်ရပ်များကို သဘောပေါက်နားလည်၍ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးနောက် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ပန်ဒေသနှင့် နားပွဲဒေသတို့တွင် ဒေသအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့်လက်တွဲ၍ ဆောင်ရွက်လျက်ရှိပြီး ကျွန်ုပ်တို့အပါအဝင် ဒေသခံ ပြည်သူလူထုများအနေဖြင့် နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် အေးချမ်းသာယာရေးကို ခံစားနေရပြီဖြစ်ပါသည်။

၂။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် မြန်မာနိုင်ငံသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိခြင်း၊ မြန်မာနိုင်ငံအရှေ့ပိုင်း ဒေသတွင် တိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်တိုက်ခိုက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို တားဆီးနှိမ်နင်းမှုမရှိခြင်း၊ HIV၊ တီဘီ၊ ငှက်ဖျားရောဂါပြန့်ပွားမှုကို မထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံရေး အကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားခြင်း စသည့် မမှန်ကန်သော အကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် မှားယွင်းသော ဆုံးဖြတ်ချက် အဆိုပြု မူကြမ်းကို တင်သွင်းခဲ့ရာ ၁၂-၁-၂၀၀၇ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချလိုက်ကြောင်း သိရှိရပါသည်။

၃။ မြန်မာနိုင်ငံအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် ထောက်ခံမဲ ပေးခဲ့ကြသည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ကြောင်းနှင့် တောင်အာဖရိကနိုင်ငံက ကန့်ကွက်ခဲ့ကာ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြောင်း သိရှိရပါသည်။

၄။ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြု၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်ရှိမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်အားလည်းကောင်း၊ အဆိုပါ မှားယွင်းသည့် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းကို ထောက်ခံမဲပေးခဲ့ကြသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအားလည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်ကြောင်းနှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ဘက်မှ ထောက်ခံရပ်တည်မှုမပြုဘဲ ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သည့် တောင်အာဖရိကနိုင်ငံအား လည်းကောင်း၊ ကြားနေခဲ့သည့် ကွန်ဂို၊ အင်ဒိုနီးရှားနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ကြေညာအပ်ပါသည်။

ဦးမိန်းစင်
တပ်မဟာ(၇၅၈)ဝမ်ပန်ဌာနချုပ်

❒ ကရင်နီမှ

၁။ ကယားပြည်နယ် ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP)သည် ၂၃-၇-၁၉၉၉ ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သော အဖွဲ့အစည်းဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အေးချမ်းသာယာ တည်ငြိမ်လျက်ရှိပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အလွှာစုံမှ ကိုယ်စားလှယ်တော်ကြီးများသည် အမျိုးသားညီလာခံတွင် နိုင်ငံတော်၏ အရေးကိစ္စရပ်များကို အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။

၃။ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ပူးတွဲခေါင်းဆောင်ကာ မြန်မာနိုင်ငံအရေးကို ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းရန် ကြိုးပမ်းခဲ့ပါသည်။ ထိုသို့ကြိုးပမ်းချက်သည် ကျွန်ုပ်တို့ တိုင်းရင်းသား ညီအစ်ကိုများ၏ ကြိုးပမ်းအားထုတ်မှုကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လိုက်ခြင်းပင် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါ မူကြမ်းတင်သွင်းရန် ကြိုးပမ်းချက်အား ကျွန်ုပ်တို့ ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP)မှ လုံးဝလက်မခံဘဲ ရှုတ်ချကန့်ကွက်ကြောင်း သဘောထားကြေညာချက် အတိအလင်း ထုတ်ပြန်လိုက်ပါသည်။

အောင်အောင်
အတွင်းရေးမှူး
ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကယားပြည်နယ်

✡ စာမျက်နှာ ၆ မှ

✡ စာမျက်နှာ ၆ မှ

၄။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာဖြေရှင်းသင့်သော ကိစ္စသာဖြစ်ကြောင်း ယုံကြည်သဖြင့် ပြည်ပနိုင်ငံများမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

ဦးကိုကြီး	**ဦးလားဘွယ်**
ဥက္ကဋ္ဌ	**ဒု-ဥက္ကဋ္ဌ**
သံတောင်မြောက်ပိုင်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့	**သံတောင်မြောက်ပိုင်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့**

အမှာစကားပြောကြား

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များ အဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက်က မင်္ဂလာတောင်ညွန့် မြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း တိုက် ခန်းမ(ဘီ)တွင် ပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင် လေးကြီး အမှာစကားပြောကြားစဉ်။ (၃၂)

❁ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များမှ

အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ မူကြမ်းတင်သွင်းခြင်းကို ၁၂-၁-၂၀၀၇ ရက်နေ့က လုံခြုံရေးကောင်စီ မဲခွဲ ဆုံးဖြတ်ချက်အရ ပယ်ချခြင်းကို ကြားသိရသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ပြသလိုက်သော စစ်မှန်သည့် မိတ်ဆွေနိုင်ငံများ၏ သဘောထားကို မျက်ဝါးထင်ထင်တွေ့မြင်ရရုံမက အင်အားကြီးနိုင်ငံများ၏ အရှိန်အဝါကိုသုံးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန် ပြုလုပ်အားထုတ်မှုများမှာ မြန်မာနိုင်ငံအတွက်သာမက အခြားနိုင်ငံများ အတွက်ပါ အလွန်အန္တရာယ်ကြီးမားလာသည်ကို တွေ့ရှိရပါသည်။

သို့ပါ၍ မိမိတို့ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ နိုင်ငံပေါင်း ၁၉၃ နိုင်ငံ ရှိနေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် မိမိတို့ အဖွဲ့ဝင် နိုင်ငံငယ်များအပေါ် ဤသို့ပြုမူဆက်ဆံသော ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာလုံခြုံရေး၊ ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်နေသည် ဆိုသော စွပ်စွဲချက်ဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှတစ်ဆင့် လူ့အခွင့် အရေးအကြောင်းပြပြီး ဝင်ရောက်စွက်ဖက်ရန် ဆောင်ရွက်ကြသည့် မည်သည့်လုပ်ရပ်ကိုမဆို ပြင်းထန်စွာ ရှုတ်ချသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် မိမိ၏ပြည်တွင်းရေးတွင် မည်သည့် ပြည်ပနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကိုမျှ ခံယူမည်မဟုတ်ကြောင်း၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီအမည်ခံပြီး မြန်မာနိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်သည့် ပြည်ပအားကိုးနေကြသည့် မည်သည့်အဖွဲ့အစည်းများကိုမဆို ပြင်းထန်စွာ ရှုတ်ချသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကို ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအား လည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း၊ ကြားနေမဲပေးခဲ့သည့် အင်ဒိုနီးရှား၊ ကာတာနှင့် ကွန်ဂိုနိုင်ငံတို့အားလည်းကောင်း မြန်မာပြည်သူများကိုယ်စား မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးက ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး

● မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာမှ

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် အမေရိကန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အစည်းအဝေးအစီအစဉ်တွင် မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် ထည့်သွင်းဆွေးနွေးရန် တောင်းဆိုကြိုးပမ်းခဲ့ပါသည်။ အမေရိကန်နှင့် ဗြိတိန်အစိုးရ တို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေး တင်သွင်းသည့်မူကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Veto သုံး၍ ကန့်ကွက်ပယ်ချခြင်းအား အမှန်တရားကို မြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့်အတူ မြန်မာပြည်သူတို့၏ အောင်ပွဲအဖြစ် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းက ထောက်ခံကြိုဆိုပါသည်။

အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် ကုလသမဂ္ဂကို ခုတုံးလုပ် အသုံးချနေချိန်တွင် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များ၊ ပြည်တွင်းပြည်ပ အဖျက်သမားများကလည်း နိုင်ငံတော်ပျက်စီးရေး၊ ဖြတ်လမ်းမှ အာဏာရရှိရေးတို့အတွက် ဝမ်းသာအားရစွာ ထောက်ခံနေကြခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်နှင့် ပြည်သူများ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး လုပ်ဆောင်နေခြင်းများကို အင်တိုက်အားတိုက် ထောက်ခံပါ ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိနားလည်စာနာပြီး Double Veto အာဏာဖြင့် ပယ်ချပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သော တောင်အာဖရိကနိုင်ငံတို့အားလည်းကောင်း မြန်မာပြည်သူများနည်းတူ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ် ပါသည်။

ဒေါက်တာခင်ရွှေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း

▲ ဟိုမိန်းဒေသမှ

၁။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အစီအစဉ်တင်သွင်းမှုအပေါ် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူ များနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းပေါင်းစုံမှ ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့အဖွဲ့အစည်း အနေဖြင့်လည်း အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအရေးကိစ္စအပေါ် ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုအား လုံးဝ ကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုကဲ့သို့ ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် ကိုလိုနီ ပုံစံသစ်ဖြင့် ကမ္ဘာတစ်ဝန်းလုံး ဗိုလ်ကျစိုးမိုး ခြယ်လှယ်နိုင်ရေးအတွက် အတိုင်အဖောက်ညီညီ ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများနှင့် ပူးပေါင်း၍ မမှန်မကန် လုပ်ကြံစွပ်စွဲချက်များဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်း ဒေသတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ အိပ်ချ်အိုင်ဗွီ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်နေမှုကို တားဆီး နှိမ်နင်းခြင်းမရှိမှု စသည့် မမှန်ကန်သော အကြောင်းပြချက်များဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

၃။ အဆိုပါ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးတို့ကို ထိခိုက်လာနိုင်သည်ဟု မမှန်မကန် လုပ်ကြံစွပ်စွဲပြီး အရေးယူရန် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြခဲ့မှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့က Double Veto အာဏာသုံး ပယ်ချခဲ့ကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံပြည်သူလူထုကိုယ်စား အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အထူးပင် ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအား တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းရမည့် အရေးသာဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုအား ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အတိ အလင်း ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မဟာဂျာ
ဥက္ကဋ္ဌ
ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့

အနာဂတ်မြန်မာနိုင်ငံ၏ ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှု လျှော့ချနိုင်ရေးနှင့် ရင်သွေးငယ်များ ကာကွယ်ဆေးထိုးအခွင့်အလမ်း ပိုမိုရရှိစေရေးတို့အတွက် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် စတင်

နေပြည်တော် ဇန်နဝါရီ ၂၁

ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသော နေပြည်တော် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေးအစီအစဉ်သို့ ကာကွယ်ဆေးထိုးရန် လာရောက်ကြသည့် ကလေးနှင့် မိခင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ကန်တော်မင်္ဂလာခန်းမရှိ မျက်နှာစာ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအစီအစဉ်များကို ကန်တော်မင်္ဂလာခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံသားတိုင်း၏ ဘဝ တစ်လျှောက် ကျန်းမာရေးအတွက် အစကောင်းမှ အနှောင်းသေချာ ဆိုသကဲ့သို့ ကလေးဘဝမှစတင်ပြီး ကျန်းမာကြံ့ခိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် ရင်သွေးငယ်များ ကျန်းမာကြံ့ခိုင်စေရေးကို အဘက်ဘက်မှ အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ရေးသည် ကုသရေး ထက် ပိုမိုအကျိုးရှိသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဘေးမှ ကင်းဝေးအောင် တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်ကို မြန်မာနိုင်ငံတွင် ၁၉၈၇ခုနှစ်မှ စတင်ပြီး ဆောင်ရွက်ခဲ့ရာတွင် တီဘီရောဂါ၊ ဆုံဆို့ကြက်ညှာ မေးခိုင်ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ကြောင်း၊ ၁၉၈၇ ခုနှစ်တွင် ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ဝက်သက် ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အသည်းရောင်အသားဝါ 'ဘီ' ရောဂါကာကွယ်ဆေးကို ကလေး များအား စတင်ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ယခုအခါတွင် စုစုပေါင်း ရောဂါ ခုနစ်မျိုးအတွက် ကာကွယ်ဆေးတိုက်ကျွေး ထိုးနှံခြင်း ဆောင်ရွက်လျက် ရှိကြောင်း။

ဝက်သက်ရောဂါဖြစ်သည့် ကလေးများကို လေ့လာကြည့်မည်ဆိုလျှင် ဝက်သက်ကာကွယ်ဆေး ထိုးနှံရန် အခွင့်အလမ်းမရရှိခဲ့သည့် ကလေးအများစု ဖြစ်သည်က တစ်ကြောင်း၊ ဝက်သက်ကာကွယ်ဆေး၏ အာနိသင်သည် ၈၅ရာခိုင်နှုန်းသာရှိ၍ ဝက်သက်ကာကွယ်ဆေးထိုးပြီးသည့် ကလေးများတွင် ဒုတိယအကြိမ် ဝက်သက်ကာကွယ်ဆေး ထိုးနှံရန်အခွင့်အလမ်းပေးရန်လိုအပ် နေသည်က တစ်ကြောင်းကြောင့် ဖြစ်ရသည်ဆိုသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မြန်မာ့ရင်သွေး ကလေးငယ်များအား ပြန်လည်ခေါင်းထောင် လာသည့် ဝက်သက်ရောဂါ၏ ဘေးအန္တရာယ်မှ ကင်းဝေးစေရန် ဝက်သက် ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်လာ ကြောင်း။

သို့ပါ၍ အနာဂတ်မြန်မာနိုင်ငံ၏ ဝက်သက်ရောဂါ ဖြစ်ပွားသေဆုံးမှု လျှော့ချနိုင်ရေးနှင့် မြန်မာ့ရင်သွေးငယ်များ ကာကွယ်ဆေးထိုး အခွင့်အလမ်း ပိုမိုရရှိစေရေးတို့အတွက် ဝက်သက်ရောဂါကာကွယ် နှိမ်နင်းရေး စုစည်း မဟာဗျူဟာများအကောင်အထည်ဖော်ရေးစီမံချက်ကို ယခုနှစ်တွင် စတင် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း။

ယခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် စုစည်းမဟာဗျူဟာများ အရ ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ယခင်က ကလေး အသက် ကိုးလအရွယ်တွင် တစ်ကြိမ်တည်းသာ ထိုးနေရာမှ ယခုအခါ ကလေး အသက် ကိုးလအရွယ်မှာ တစ်ကြိမ်၊ တစ်နှစ်ခွဲမှ နှစ်နှစ်အရွယ်တွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် ထိုးနှံသည့် ဝက်သက်ကာကွယ်ဆေးထိုး အစီအစဉ်အသစ်ကို စတင်၍ ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ဝက်သက်ကာကွယ်ဆေး မထိုးလိုက်ရသည့် ကလေးများနှင့် အပြည့်အဝ ရောဂါကာကွယ်နိုင်မှု မရရှိခဲ့သော ကလေးများကို ဒုတိယအကြိမ်အဖြစ် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခြင်း မဟာဗျူဟာကို အကောင်အထည် ဖော်သည့်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးမှာရှိသည့် အသက်ကိုးလမှ ငါးနှစ် အောက် ကလေးများကို ဝက်သက်ကာကွယ်ဆေးများ ထိုးနှံပေးသွားမည် ဖြစ်ကြောင်း။

၂၀၀၇ ခုနှစ် နေပြည်တော်တွင် ဆောင်ရွက်မည့် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း စီမံချက် ကိုဆောင်ရွက်ရာတွင် နေပြည်တော်အတွင်း၌ နေထိုင်ကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများ၊ ဆောက်လုပ်ရေး ကုမ္ပဏီများမှ ရွှေ့ပြောင်းလုပ်သားများနှင့် မြို့နယ်များမှ အသက်ကိုးလမှ ငါးနှစ်အောက် ကလေးများကို ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း။

ယင်းသို့ ထိုးနှံပေးရာတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ၂၇ရက် အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နေပြည်တော်တွင် ဆောင်ရွက်နေသည့် ကာကွယ်ဆေးထိုး၊ ဆေးတိုက် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်အောင် ပံ့ပိုးပေးခဲ့ကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆောက်လုပ်ရေးကုမ္ပဏီ များ၏ ကူညီပံ့ပိုးဆောင်ရွက်မှုသည် အလွန်အဓိကကျသော ကဏ္ဍတစ်ရပ် ဖြစ်ကြောင်း။

ဤသို့ အကူအညီပေးခဲ့သည့် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ ယခုနှစ် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်တွင်လည်း ဆက်လက် ကူညီပံ့ပိုးကြရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံရှိ ကလေးများအား ဝက်သက်ရောဂါဘေးမှ ကင်းဝေးစေရန် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း ရာခိုင်နှုန်းပြည့်လွှမ်းခြုံမှုရရှိရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မှာကြား သွားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ကလေးငယ်များအား လက်ဆောင် ပစ္စည်းများပေးအပ်ပြီး ဝက်သက်ကာကွယ် ဆေးထိုးနှံနေမှုများကို ကြည့်ရှု အားပေးကြသည်။

ထိုမှ တစ်ဆင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် နေပြည်တော်တိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၌ အစုလိုက် ဝက်သက်ကာကွယ် ဆေးထိုးရေးအစီအစဉ် ကျင်းပသောအခမ်းအနားသို့တက်ရောက်၍ ကလေးငယ်များအား လက်ဆောင် ပစ္စည်းများပေးအပ်ကာ ဝက်သက်ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးရေး အစီအစဉ်အဖြစ် ပျဉ်းမနား ခရိုင် အတွင်းမြို့နယ်များ၌ စုရပ်အသီးသီးတွင် အသက်ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက အထက(၂)ပန်းဘဲတန်း၌ ဇန်နဝါရီ ၁၅ရက်က နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးတင်ကို၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒေါ်ခင်မေအေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

တွံတေး အရှင်ဣန္ဒကာ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက်ဆရာတော် တွံတေး အရှင်ဣန္ဒကသည် ဇန်နဝါရီ၂၂ရက်တွင် တွံတေးမြို့၊ ၂၃ရက်တွင် ပုဇွန်တောင်၊ ၂၄ရက်တွင် ဆုတောင်းပြည့် စေတီတော်(၄)ရပ်ကွက် သာကေတ၊ ၂၅ရက်တွင် မာန်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး ဓလွန်မြို့၊ ၂၆ရက်တွင် ပုသိမ်ညွန့် ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂၇ရက်ညတွင် (ဆည်းဆာ)ပွဲ ဘုရားဖြူ ကျောင်းတိုက် ပုဇွန်တောင်မြို့နယ်၊ ယင်းည ၈နာရီတွင် ဂွတ္တာလစ် ဗဟန်း၊ ၂၈ရက်တွင် အုတ်တွင်း၊ ၂၉ရက်တွင် ဘုရားကုန်းကျေးရွာ ထေရဝါဒဓမ္မသဘင် သုံးခွမြို့၊ ၃၀ရက်တွင် ဓမ္မပါလဓမ္မာရုံ ဒေါပုံမြို့နယ်၊ ၃၁ရက်တွင် တစ်ဆုပ်ဆန် လှိုင်သာယာတို့၌ ညစဉ် ၇နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

☆ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ၁၂-၁-၂၀၀၇ ရက်နေ့က လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချလိုက်သည်ကို ကြားသိရပါသည်။

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် ထောက်ခံမဲပေးခဲ့ကြသည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ကြကြောင်း၊ တောင်အာဖရိကနိုင်ငံကလည်း ကန့်ကွက်မဲပေးခဲ့ကြောင်း၊ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြသည်ဟု ကြားသိရပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအား ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ကမကထပြု ပူးတွဲတင်သွင်းခဲ့သော ဆုံးဖြတ်ချက် အဆိုမူကြမ်းတွင်ပါရှိသည့် အကြောင်းပြချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိအမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေမှန်များကို ထင်ဟပ်မှုမရှိဘဲ အင်အားကြီးနိုင်ငံများ၏ အရှိန်အဝါကိုသုံး၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန် ပြုလုပ်အားထုတ်မှုမျှသာ ဖြစ်နေသဖြင့် ယခုကဲ့သို့ ရှုံးနိမ့်သွားခဲ့ရခြင်းဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ တည်ဆဲတပ်မတော်အစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများအား အစဉ်တစိုက် အားပေးထောက်ခံခဲ့ပြီး မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံကြောင်း ပြသခဲ့ကြကြောင်း၊ ယခုလုပ်ရပ်သည်လည်း တပ်မတော်အစိုးရ ဆန့်ကျင်ရေးအင်အားစုများကို သိက္ခာတင် အဖတ်ဆယ်ပေးသည့် မအောင်မြင်သည့် လုပ်ရပ်အမှားတစ်ခုဖြစ်သည်။

ဒီမိုကရေစီလူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အခွင့်အာဏာမရှိသလို မည်သည့်အင်အားကြီးနိုင်ငံမဆို ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချ၍ ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာတည်ရှိမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်အားလည်းကောင်း၊ အဆိုပါ မှားယွင်းသည့်လုပ်ရပ်ကို ထောက်ခံမဲပေးခဲ့ကြသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအားလည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ဘက်မှ ထောက်ခံရပ်တည်မှုမပြုဘဲ ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကနိုင်ငံအားလည်းကောင်း၊ ကြားနေခဲ့သည့် ကွန်ဂို၊ အင်ဒိုနီးရှားနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှလည်းကောင်း၊ အင်အားကြီး ပြည်ပနိုင်ငံများမှလည်းကောင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ် တောင်းဆိုနေခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပရှိ ဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကို မိမိတို့က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။

ပုဂ္ဂလိကရေးကိုးကွယ်မှုအခြေခံဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏အကျိုးထက် မိမိကိုယ်ကျိုးစီးပွား၊ မိမိဂိုဏ်းဂဏအကျိုးစီးပွားတို့ကို ရှေ့တန်းတင်ပြီး ဆောင်ရွက်ချက်များအားလုံးကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များက အပြင်းအထန် ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဦးဌွေးမြင့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရေး ဟူသော ရည်ရွယ်ချက်နှင့်အညီ အင်းစိန်အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အင်းစိန်အကျဉ်းဦးစီးဌာနဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်တင်တင်နွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အဖွင့်အမှာစကားပြောကြား၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းနှင့် အင်းစိန်အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်းက မူလတန်းကြိုကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မူလတန်းကြိုကျောင်းအတွက် ငွေပဒေသာပင် စိုက်ထူနိုင်ရန် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးတို့က ငွေကျပ် ၁၀၀၀၀၀ နှင့် အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် ပေါင်ချိန်စက်တစ်လုံး၊ ဦးနေဝင်းထွန်း မိသားစု (ကျောက်စိမ်းနဂါးကုမ္ပဏီ) က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးအောင်မြတ် (Mother Trading) က ငွေကျပ် ၁၀၀၀၀၀၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ငွေကျပ် ၅၀၀၀၀၀၊ သီရိသုမင်္ဂလာဓမ္မဓဇာ ဦးစိုးသိန်း၊ ဇနီး သီရိသုဓမ္မသီဂိ ဒေါ်ခင်ချိုအုန်းတို့က ငွေကျပ် ၄၀၀၀၀၀ နှင့် ဗီရိုများ၊ ဦးဝင်းလွင် (ကျော်သာ Co., Ltd.) က ငွေကျပ် ၃၀၀၀၀၀၊ ဦးအောင်မော်သိန်း (Gold Roast Co., Ltd) က ငွေကျပ် ၃၀၀၀၀၀၊ ဦးသိန်းဝင်းဇော် (ငွေဖျိုင်းဖြူ ကုမ္ပဏီ)က ငွေကျပ် ၃၀၀၀၀၀၊ ဦးအောင်သိန်းထွဋ်က ငွေကျပ် ၂၀၀၀၀၀၊ ဦးကျော်အေး (AAA Co., Ltd.)က ငွေကျပ် ၂၀၀၀၀၀၊ ဦးစံငြိမ်း (ကမ္ဘာကျော် ကုမ္ပဏီ)က ငွေကျပ် ၂၀၀၀၀၀၊ ဦးညွန့်ဝေ(ပြုံးပန်းတစ်ရာ)က ငွေကျပ် ၁၀၀၀၀၀၊ ဒါရိုက်တာ မောင်မောင်ဦး (စန်းဝိုက်)က ငွေကျပ် ၁၀၀၀၀၀၊ ဦးထွန်းဝင်းက (1 Step Co., Ltd.) က ငွေကျပ် ၁၀၀၀၀၀နှင့် ကက်ဆက်တစ်လုံး၊ ဒေါက်တာ မောင်မောင်အေး (မိုးဟိန်းကုမ္ပဏီ)က ငွေကျပ် ၁၀၀၀၀၀၊ ဦးသန်းစိုးက ငွေကျပ် ၁၀၀၀၀၀၊ ဦးသက်ဦးက ငွေကျပ် ၁၀၀၀၀၀၊ ဦးစိုးလင်းက ငွေကျပ် ၁၀၀၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းက ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၂သိန်း ငါးသောင်းနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ မူလတန်းကြိုကျောင်းတွင် ဝန်ထမ်းများ၏ ကလေးငယ်များသာမက အင်းစိန်အကျဉ်းထောင်ရှိ အကျဉ်းသူများ၏ ကလေးငယ်များပါ တက်ရောက် သင်ကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်း မူလတန်းကြိုကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)



ထမံသီရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် တဇုန်းကျေးရွာအနီးရှိ ထမံသီရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄) ညွှန်ကြားရေးမှူး ဦးဗစ်တာက စီမံကိန်းအကြို တည်ဆောက်မှုလုပ်ငန်းများဖြစ်သည့် ဆက်သွယ်ရေးလမ်းများ၊ ပင်မတမံနှင့် ကုန်းကြောတမံ နေရာများ အောက်ခြေရှင်းလင်းမှု၊ မြေသားဖို့ မြေယူမည့်နေရာ၊ သဲစုကျောက် ထုတ်လုပ်မှုလုပ်ငန်း ပြင်ဆင်ထားမှုများကို အသေးစိတ် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅) တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လှိုင်က ရေအားလျှပ်စစ်ထုတ်ယူမည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ယင်းနောက် ဝန်ကြီးက ဆောင်ရွက်ရမည့် လုပ်ငန်းများ ချမှတ်ပေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။

ထို့နောက် ဝန်ကြီးသည် ရှုရပ်မှ စီမံကိန်းဆောင်ရွက်နေသည့် ဧရိယာအား ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ရေစိမ့်တားနံရံ တည်ဆောက်ရေးလုပ်ငန်းသုံး Trench Cutter Machine ဖြင့် စမ်းသပ်ရေစိမ့်တားနံရံဆောင်ရွက်မှု၊ ရေစိမ့်တားနံရံ၏ ရေစိမ့်နှုန်းစမ်းသပ်မှုနှင့် ပင်မတမံ တည်ဆောက်မည့် နေရာနှင့် တမံအုကြောင်းတစ်လျှောက် အောက်ခြေမြေသားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဟုမ္မလင်းမြို့နယ် ထမံသီရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်/ဆည်)

လောက်ကိုင်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အခြေခံအဆောက်အအုံသင်တန်း၊ လျှပ်စစ်နှင့် ဂဟေသင်တန်း၊ စက်ပြင်သင်တန်း၊ အမှတ်စဉ် (၁/၂၀၀၆) သင်တန်းများ ဆင်းပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းများဆင်းပွဲသို့ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်နှင့် တပ်မတော်အရာရှိများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဒေသခံပြည်သူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းထူးချွန်ဆု ရရှိသည့် လျှပ်စစ်နှင့် ဂဟေသင်တန်းမှ ကိုးကန့်တိုင်းရင်းသား မောင်ရန်ဝင်ချန်းအား ဆုချီးမြှင့်ကာ သင်တန်းအောင်လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်တစ်ဦးသို့ ပေးအပ်သည်။ ထို့နောက် ဧည့်သည်တော်များသည် အလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာရပ်များ တတ်မြောက်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် လူနေမှုဘဝ မြင့်မားလာစေရန်နှင့် နယ်စပ်ဒေသများတွင် စက်မှုလုပ်ငန်းများ ထူထောင်လာနိုင်ပြီး ဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းအမှတ်စဉ် (၁/၂၀၀၆) တွင် အခြေခံအဆောက်အအုံ သင်တန်းသို့ သင်တန်းသား ၁၂ ဦး၊ လျှပ်စစ်နှင့် ဂဟေသင်တန်းသို့ သင်တန်းသား ၁၄ ဦး၊ စက်ပြင်သင်တန်းသို့ သင်တန်းသား ၁၄ ဦး၊ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်သည်။ သင်တန်းကာလအတွင်း သင်တန်းသားများ၏ သင်တန်းဆိုင်ရာ ကုန်ကျစရိတ်များ၊ နေထိုင်စားသောက်ရေးများ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှောင်လေ
ဝေးဝေး
မူးယစ်ဆေး

စစ်ကိုင်းမြို့ ရန်နိုင်အစိုးရအလယ်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပ

(၁၈)ကြိမ်မြောက် အထက(၂)ဒဂုံ (မြို့မ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၁ ရက်က မြို့မ ဆရာကြီး ဦးဘလွင်ခန်းမ၌ ကျင်းပစဉ်။ (ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၂၁

စစ်ကိုင်းမြို့ ရန်နိုင်အစိုးရအလယ်တန်းကျောင်း (အလက-၁)၌ ၁၉၅၂ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း ရွှေပြည်အေးခန်းမတွင် ကျင်းပရာ ရပ်ဝေးရပ်နီးမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၃၂ဦးနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်း ၁၀၀ကျော်တို့ တက်ရောက်ကြသည်။ ကျောင်းသားဟောင်း ဦးငွေမင်းက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြိုးဖြင့်ကန်တော့၍ကန်တော့ပစ္စည်းများပေးအပ်ကြကာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား အငြိမ်းစားဆရာကြီး ဦးခင်မောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းကြည်တို့က ဆုံးမစကား ပြောကြားကြသည်။

ဆက်လက်၍ ကန်တော့ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသော အသက် ၉၃နှစ်အရွယ် အငြိမ်းစားဆရာမကြီး ဒေါ်ကျင်ရွှေလေးနှင့် အခြားဆရာကြီး၊ ဆရာမကြီးသုံးဦးတို့၏ နေအိမ်အသီးသီးသို့ သွားရောက်၍ ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)** (က-ပ)

ပလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄)တွင် အဆောက်အုံသစ်များ၏ နေအိမ်အခန်းတိုင်းတွင် မီးသတ်ဆေးဘူးများထားရှိရန် စိစစ်နေ၊ ဆိုင်ကယ်မစီးနင်းရ နယ်မြေအတွင်းဆိုင်ကယ်စီးနင်းမှုကြပ်မတ်အရေးယူသွားမည်၊ ထမံသီရေလှောင်တမံနှင့်ရေအားလျှပ်စစ်စီမံကိန်းတွင်အသုံးပြုရန် စက်တပ်ရေယာဉ် ၁၀စင်း အလုံသင်္ဘောကျင်းတွင်တည်ဆောက်ပြီး၊ မလေးရှားနိုင်ငံရှိ အဆင့်မြင့်ဆေးရုံကြီးတွင် မြန်မာစကား ကျွမ်းကျင်ဝန်ထမ်းများခန့်ထား၊ အဝေးပြေးယာဉ်များရှာဖွေစစ်ဆေးမှုပိုမိုတင်းကျပ်ရန် ရှိ၊ ခရီးသည်တင်ယာဉ်များပေါ်တွင် အနှောင့်အယှက်တွေ့၍ ရဲစခန်းသို့မောင်းခိုင်းသည်ကို မောင်းမပေးလျှင်တိုင်ကြားနိုင် စသည့်ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ရီးယဲလ်နည်းပြ ကာပယ်လိုအတွက် မျှော်လင့်စရာဖလားတစ်လုံး အားကစားဆောင်းပါးနှင့်အတူ ထိုင်းလေကြောင်း ပြည်တွင်းခရီးစဉ်များ ဒွန်မောင်းလေဆိပ်သို့ ပြန်ပြောင်းရွှေ့ရ၊ အဲအေးရှားလေကြောင်းအုပ်စု လေယာဉ်အစင်း၅၀ထပ်ဝယ်၊ ဂျပန်အထက်တန်းကျောင်းတွင် တုကိုင်ကျွမ်းမကျွမ်းစာမေးပွဲဖြေရ၊ တရုတ်နိုင်ငံ၌ စီးကရက်အတုအလိပ်ပေါင်းကုဋေကိုးရာ ဖမ်းဆီးရမိ၊ တီထွင်သူပညာရှင်က နှလုံးအတုကိုပြတိုက်သို့လှူဒါန်းစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ဝိနယာဓိကစာပြန် စာဖြေဆိုပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်လုံးဆိုင်ရာ အဌမအကြိမ်မြောက် သံဃာ့ဂိုဏ်းပေါင်းစုံ ဝိနယာဓိက စာပြန်၊ စာဖြေဆိုပွဲကို မြို့နယ်သံဃနာယကအဖွဲ့၏ကြီးကြပ်မှုဖြင့် နိုင်ငံတော်သမ္မုတိ ဓမ္မကထိက (သစ္စာရွှေဂူ)ဗဟုဇနဟိတဓရ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇနိယ ဉာဏ ဦးစီး၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာကျောင်းတိုက်၌ ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာပြန်၊ စာဖြေဆိုပွဲတွင် ဆွမ်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် စာဖြေသံဃာတော်များအတွက် စာဖြေခုံများကို လှူဒါန်းလိုသောစေတနာရှင်များသည် စာပြန်ဆိုပွဲဖြစ်မြောက်ရေးကော်မတီ ဖုန်း-၅၈၀၈၈၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

သိဒ္ဓိတင်ပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက် ၅၁လမ်း အမှတ် ၁၃၇/ ၁၃၉တွင် တည်ရှိသော စရီဝါရသဂျာပေ ရှုမာလ် ဘုရားကျောင်း မဟာသိဒ္ဓိတင် မင်္ဂလာရေစင် သွန်းလောင်းပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို သစ်တောရပ်ကွက် ရွှေလုံအလင်းပြ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ဇန်နဝါရီ ၁၉ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်မမနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်မျိုးအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်ပြန်/ဆက်)

ကီလိုမီတာ ၈၀ ခရီးရှည် မြင်းစီးပြိုင်ပွဲ ၂၀၀၄ခုနှစ် ချန်ပီယံဘဒင်ပင် ထပ်ဆင့်ဗိုလ်စွဲ

သတင်း-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပုဂံ ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် ဒုတိယအကြိမ်မြောက် ကီလိုမီတာ ၈၀ ခရီးရှည် မြင်းစီးပြိုင်ပွဲကို ယမန်နေ့ နံနက် ၄ နာရီမှစ၍ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ငါ့လင်းပုပ်ရွာတွင် ကျင်းပသည်။

ပြိုင်ပွဲဝင်မြင်းစီးအားကစားသမား သုံးဦး ပန်းဝင်ခါနီး အကြိတ်အနယ်။ (ဓာတ်ပုံ-စိုးညွန့်-ကြေးမုံ)

ပြိုင်ပွဲတွင် ပထမ ဘဒင် (မြင်းအမည်-ဖြူးကျော်နိုင်)၊ ဒုတိယ အောင်သူထွန်း (မြင်းအမည်-အောင်မင်းကျော်)၊ တတိယ ဗိုက်ကြီး(ခ)သန့်ဇော်မိုး(မြင်းအမည်-မေဖဲ)၊ စတုတ္ထ ယုယုလှိုင်(မြင်းအမည်-မိချော)၊ ပဉ္စမ မျိုးအောင် (မြင်းအမည်-ဒီလုံး)နှင့် ဆဋ္ဌမဇော်မင်းလေး(မြင်းအမည်-မိုးပွင့်)တို့ အသီးသီးရရှိသွားကြသည်။ ကီလိုမီတာ ၈၀ ခရီးရှည် မြင်းစီးပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငါးဦး၏ ပြိုင်ပွဲဝင်မြင်းများမှာ နှလုံးခုန်နှုန်း တစ်မိနစ်လျှင် ၆၄ ကြိမ်ထက်ကျော်နေ၍ ပြိုင်ပွဲမှထုတ်ပယ်ခံခဲ့ရသည်။

ဆုကြေးများအဖြစ် ပထမ ကျပ်ငါးသိန်း၊ ဒုတိယ ကျပ်သုံးသိန်း၊ တတိယ ကျပ်နှစ်သိန်း၊ စတုတ္ထ ကျပ်တစ်သိန်း၊ ပဉ္စမ ကျပ်ငါးသောင်းနှင့် ဆဋ္ဌမ ကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်သည်။

ကီလိုမီတာ ၈၀ ခရီးရှည် မြင်းစီးပြိုင်ပွဲတွင် အသက် ၁၆ နှစ်ပြည့်ပြီး အမျိုးသား၊ အမျိုးသမီး မြင်းစီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ပြိုင်ပွဲသုံးမြင်းများကို အသက် လေးနှစ်အထက်ရှိရမည်ဟု သတ်မှတ်ထားပြီး မြေလမ်း၊ သဲလမ်းများတွင် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြင်းများအများဆုံးရှိရာ ပုဂံ၊ ညောင်ဦး ဒေသတစ်ဝိုက်တွင် ကျင်းပသော ပြိုင်ပွဲဖြစ်သည်နှင့်အညီ ဒေသခံပရိသတ်များမှာလည်း အထူးစိတ်ဝင်တစားရှိခဲ့ကြပြီး ပြိုင်ပွဲစတင်ရာ အရဏ်တက်ချိန်မှစ၍ လမ်းတစ်လျှောက်စောင့်ကြည့်အားပေးခဲ့ကြသည်။ တောင်များကိုပတ်၍ဖောက်ထားသော ဂဝံမြေလမ်းများ၊ သစ်ပင်၊ ချုံနွယ်များကြားမှ တည်ရှိသော သဲလမ်းများတွင် ယှဉ်ပြိုင်ရသော်လည်း ပြိုင်ပွဲဝင်မြင်းစီးအားကစားသမားများမှာ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အနိုင်ရရှိရေးအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲလမ်းခရီးမှာ ငါ့လင်းပုပ်ရွာရှိ YKKO မြင်းစီးကလပ်မှစတင်တာထွက်ပြီး ဗျူဟာပန်းဆက်လမ်းတစ်လျှောက်စီးပြီး ပြန်လှည့်ကာလေးကြိမ်စီးနင်းရသည်။ ပထမပတ်တွင် ကီလိုမီတာ ၃၀၊ ဒုတိယပတ်တွင် ၂၄ကီလို မီတာ၊ တတိယပတ်တွင် ၁၆ ကီလိုမီတာ၊ စတုတ္ထပတ်တွင် ၁၀ကီလိုမီတာ စီးနင်းရခြင်းဖြစ်သည်။ စတင်တာထွက်သည့် YKKO မြင်းစီးကလပ်သို့ပြန်ရောက်တိုင်း မြင်း၏နှလုံးခုန်နှုန်းကိုစစ်ဆေးပြီး တစ်မိနစ်လျှင် နှလုံးခုန်နှုန်း ၆၄ကြိမ်ကျော်ပါက ပြိုင်ပွဲအားဆက်လက်ယှဉ်ပြိုင်ခွင့်မပြုတော့ပေ။ မြင်းများ၏ကျန်းမာရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ခရီးလမ်း၏ ခုနစ်ကီလိုမီတာတိုင်းတွင် Water Point များထားရှိပြီး မြင်းများအား ရေတိုက်ရသည်။

ပထမအကြိမ်ခရီးရှည် မြင်းစီးပြိုင်ပွဲကို ၂၀၀၄ခုနှစ်က ပုဂံ/ညောင်ဦးတွင်ကျင်းပခဲ့ဖူးပြီး ထိုစဉ်က ကမ္ဘာ့အဆင့်(၁)ရှိ မလေးရှားမှ မြင်းစီးအားကစားသမား လာရောက်ယှဉ်ပြိုင်ခဲ့သည်။ ကီလိုမီတာ(၅၀)ပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော ယင်းပြိုင်ပွဲ၌ ချန်ပီယံဖြစ်ခဲ့သော ဘဒင်မှာ ယခုအကြိမ်တွင်လည်း ချန်ပီယံဘွဲ့ကို ထပ်မံ ဆွတ်ခူးသွားသည်။

ကီလိုမီတာ ၄၀ အပျော်တမ်း မြင်းစီးပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံမြင်းစီးအားကစား အဖွဲ့ချုပ်အနေဖြင့် မြန်မာ့မြင်းစီးအားကစား တိုးတက်ရေးနှင့် ခရီးရှည်မြင်းစီး အားကစားသမားများ ပေါ်ထွက်ရေးအတွက် ကျင်းပခြင်းဖြစ်သည်။ ။

ထန်းပင်များကြားမှ ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စီးနင်းစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အောင်သုခဗိမာန်ကျောင်းတိုက် မိုးကုတ် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပခုက္ကူမြို့ အမှတ် (၃)ရပ်ကွက် ပင်မမိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုန္ဒရမဟာထေရ်သည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက်၌ ဇန်နဝါရီ ၂၅ရက်မှ ၃၁ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၆၀၈၅၂သို့ဖြစ်စေ ဇန်နဝါရီ ၂၃ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေဝသာဂရသိမ်ကုန်းဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏(တေရသမ)အကြိမ် ဗုဒ္ဓပူဇနီယပွဲတော်၊ အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ဘဝနတ်ထံပျံတော်မူသွားကြသော ပဓာန နာယကဆရာတော်ကြီးနှစ်ပါးနှင့် တိုက်အုပ်ဆရာတော်ကြီး တစ်ပါး၊ ပေါင်း သုံးပါး ပူဇော်ပွဲနှင့် ပထမပြန်စာအောင်သံဃာတော်များအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၁ရက်(ကြာသပတေးနေ့)အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းတိုက်ကြီး၏ ရပ်နီးရပ်ဝေးဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ဖုန်း-၃၈၅၀၇၂နှင့် ဥပဋ္ဌာကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ နံ့ယူစေးကုမ္ပဏီလီမိတက်အထွေထွေမန်နေဂျာ မစ္စတာကိုးရှန်းစန်းနှင့် Online Brandပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးတို့က Online Brand ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘက်စုံမွမ်းမံပြုပြင်ခြင်းလုပ်ငန်းများနှင့် တောင်တက်မော်တော်ကားလမ်းအတွက် ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံလမ်း (၃၆)ရပ်ကွက်နေ အလှူရှင် ဒေါ်တင်တင်၏ (၈၁)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ကျပ်၁၀၀၀၀၀ကို သားသမီး မြေး၊ မြစ် မိသားစုတို့က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ အကျိုးဆောင် ဦးဆန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

Online Brand Fashion ကုန်ပစ္စည်း မိတ်ဆက်ပွဲနှင့် ဆိုင်သစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

Online Brand Fashion ကုန်ပစ္စည်း မိတ်ဆက်ပွဲနှင့် ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင် လမ်းမကြီး အမှတ်(၄၆၆)၌ ကျင်းပသည်။

ရှေးဦးစွာ Online Brand ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် Online Brand ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ နံ့ယူစေးကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ မစ္စတာ ကိုးရှန်းစန်းနှင့် Online Brand ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးတို့က Online Brand ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားမှူး ရုပ်ရှင်သရုပ်ဆောင် ငှက်ပျောကြော်က Online Brand မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းအမျိုးအမည်များနှင့် အရည်အသွေးများအကြောင်း၊ Online Brand မှ ကုန်ပစ္စည်းရရှိနိုင်မည့် ဆိုင်အမည်နှင့် လိပ်စာများကို ဖတ်ကြားတင်ပြသည်။

ဝယ်ယူနိုင်

ယခုဖွင့်လှစ်သည့် Online Brand ဆိုင်သစ်သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ဆိုင်များအနက်(၄၅)ဆိုင်မြောက် ဆိုင်သစ်ဖြစ်ပြီး ဝယ်ယူလိုပါက ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်(၃) ဗန်းမော် အတွင်းဝန်လမ်း အမှတ်(၁၀၅) ဖုန်း-၆၈၅၃၉၂၊၀၉-၅၀၀-၃၇၁၄၊၀၉-၅၁၂-၉၀၉၅၊ www-onlinewear.biz, E-mail:limelight @ myanmar.com.mm သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

အဆိုပါ Online Brand မှ ယောကျ်ားဝတ်၊ မိန်းမဝတ်နှင့် ကလေးဝတ်မျိုးစုံ၊ ဆိုဒ်စုံဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်းနေ ကွယ်လွန်သူ မိဘများဖြစ်ကြသောဦးကျင်ကုတ်၊ ဒေါ်ဖွားကြည်၊ အစ်ကိုကြီး ဒေါက်တာ ဦးမွန်တင့် ဇနီး ဒေါက်တာ ဒေါ်မြင့်စိန်၊ ခင်ပွန်း ဦးမြင့်ဝေတို့အား ရည်စူး၍ ဒေါ်အင်စိန် သားသမီး၊ မြေးများက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာသို့ လာရောက် လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၄ရက် (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၁၂နာရီခွဲတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ဓမ္မသုခကျောင်းတိုက်၊ မှန်ကျောင်းရွှေနှင်းဆီဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများမှ အသက်(၇၅)နှစ်ပြည့်ပြီးသော အဘိုးအဘွားများနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများ၏အမည်စာရင်းများကို အမှတ်စာရင်းနှင့်အတူ ဇန်နဝါရီ ၂၂ရက်နောက်ဆုံးထား၍ နာယကဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ၀၉-၅၁-၆၀၂၈၅၊ အတွင်းရေးမှူးဦးသောင်းညွှန့် ဖုန်း-၅၅၉၀၆၆၊ ၀၉-၅၁-၃၂၃၆၉၊နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးဖိုးချို(ညောင်ဦးဖိုးချို) ဖုန်း-၅၄၅၃၂၃တို့ထံပေးပို့ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

အင်အားပြင်းထန်သောမြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၁ရက်နေ့ မြန်မာစံတော်ချိန် ၁၈ နာရီ ၀၄မိနစ်၊ ၂၆စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက်မိုင် ၂၃၂၀ ခန့်ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပနေရာကို (ဆူလာဝေစီကျွန်း၊ အင်ဒိုနီးရှား နိုင်ငံ) ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး(၇ဒသမ၃)အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(သတင်းစဉ်)

အင်တာနက် အားကစားသတင်းများ

ဂျူလီယာနို ဘယ်လက်တီ ဘာစီလိုနာအသင်းတွင် ရှိနေမည်

ဘာစီလိုနာ ဇန်နဝါရီ ၂၁

ဘာစီလိုနာအသင်းသည် ယင်းအသင်းမှ ဘရာဇီးလူမျိုး နောက်ခံလူ ဂျူလီယာနို ဘယ်လက်တီအား ကန်ထရိုက်စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း ယနေ့ အင်တာနက်သတင်းတွင်ဖော်ပြသည်။

ဂျူလီယာနိုသည် လက်ရှိ ဘောလုံးရာသီတွင် မကြာခဏ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အရန်ဘောလုံးသမားအဖြစ်သာ တွေ့မြင်ခဲ့ကြရသည်။

မိမိသည် ဘာစီလိုနာအသင်း၌ ဆက်လက် ရှိနေမည်ဖြစ်ကြောင်း ဂျူလီယာနိုက ပြောကြားသည်။

ဂျူလီယာနိုအား ခေါ်ယူရန် မီလန်အသင်းက ဆွေးနွေးမှုရှိခဲ့သော်လည်း ဘာစီလိုနာအသင်း၌သာ ဆက်လက်ရှိနေရန် ၎င်းက လိုလားသည်။

ဂျူလီယာနိုသည် လာမည့် ရက်သတ္တပတ်တွင် ကန်ထရိုက်စာချုပ်သစ်ကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ၎င်း၏ လက်ရှိ ကန်ထရိုက်စာချုပ်မှာ ၂၀၀၈ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးနိုင်မည်ဖြစ်သည်။

ဘာစီလိုနာအသင်းမှ နောက်ခံလူ ဂျူလီယာနိုဘယ်လက်တီ။

(ဓာတ်ပုံ-အင်တာနက်)

အသက် ၃၀ အရွယ်ရှိ ဂျူလီယာနိုသည် ၂၀၀၆ ခုနှစ် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ၎င်း၏အသင်းက အာဆင်နယ်အသင်းကို အနိုင်ရရှိစေရန် အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သည်။

အင်တာနက်။

တောင်ကိုရီးယားဘောလုံးသမား လီဒေါင်ဂွတ် မစ်ဒယ်ဘရော့အသင်းက ခေါ်ယူမည်

လန်ဒန် ဇန်နဝါရီ ၂၁

တောင်ကိုရီးယားလူမျိုး တိုက်စစ်မှူး လီဒေါင်ဂွတ်အား ခေါ်ယူရန် မိမိတို့သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း မစ်ဒယ်ဘရော့အသင်းက ယနေ့ပြောကြားသည်။

တောင်ကိုရီးယားလူမျိုး တိုက်စစ်မှူး လီဒေါင်ဂွတ်။

(ဓာတ်ပုံ-အင်တာနက်)

လီဒေါင်ဂွတ်သည် ပိုဟန်စတီလာအသင်းတွင် ပါဝင်ကစားလျက်ရှိသည်။ ၎င်းသည် လွန်ခဲ့သည့် ၁၂လတာ ကာလအတွင်း တောင်ကိုရီးယားလက်ရွေးစင်အသင်း၏ ဘောလုံးသမားအဖြစ် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် ၇၅ရာခိုင်နှုန်းပါဝင်ကစားနိုင်ခြင်းမရှိသော်လည်း ၎င်းအား ခေါ်ယူရန် မိမိတို့ ဆုံးဖြတ်ကြောင်း မစ်ဒယ်ဘရော့အသင်း၏ ကြေညာချက်တွင် ဖော်ပြသည်။

အသက် ၂၇နှစ်အရွယ်ရှိ လီသည် ဒူးခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိခဲ့ခြင်းကြောင့် လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိပေ။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပခဲ့ချိန်ကလည်း တောင်ကိုရီးယားလက်ရွေးစင်အသင်း၏ နည်းပြ ဂတ်စ်ဟိုက်ဒင့်က ဦးစားပေးဘောလုံးသမားစာရင်းတွင် ၎င်းကို ထည့်သွင်းခဲ့ခြင်းမရှိပေ။

လီသည် မစ်ဒယ်ဘရော့အသင်းတွင် အစမ်းကစားမှုကာလမှာ ပြည့်မြောက်ပြီဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြသည်။ ***အင်တာနက်။***

ချန်ပီယံလိဂ်တွင် ကစားခွင့်ရရန် ကွင်းလယ်ကစားသမား အင်ဒါဆန်မျှော်မှန်း

လစ္စဘွန်း ဇန်နဝါရီ ၂၁

ပေါ်တိုအသင်း၏ ကွင်းလယ်ကစားသမား အင်ဒါဆန်သည် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အဖြစ် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ပါဝင်ကစားခွင့်ရရှိမည်ဟု မျှော်မှန်းထားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် ၁၈ နှစ်အရွယ်ရှိ အင်ဒါဆန်သည် ခြေထောက်ကျိုးခဲ့ပြီးနောက် ကာလရှည် ဘောလုံးကစားနိုင်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ယခုအခါ ပြန်လည်ကြံ့ခိုင်လာပြီဖြစ်ရာ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရရှိရန် ဆန္ဒရှိနေသည်။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် မိမိ၏အသင်းသည် အုပ်စုဗိုလ်အဖြစ် ငါးမှတ်အသာဖြင့် ရပ်တည်လျက် ရှိကြောင်း၊ ယင်းမှာ ကျေနပ်ဖွယ်ရာရလဒ်ဖြစ်ကြောင်း၊ မိမိ၏အသင်း ဆက်လက်အနိုင်ရရှိရန် မျှော်လင့်ထားကြကြောင်း အင်ဒါဆန်က ပြောကြားသည်။ ***အင်တာနက်***

အိမ်မွေးတိရစ္ဆာန် မွေးမြူရေးဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေမည့် အိမ်မွေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲ

သတင်းဆောင်းပါး–
ဇော်ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံ–
သန့်ဇင်ထွန်း(ကြေးမုံ)

Shih Tzu နှင့် Golden Retriever **အမျိုးအစား ခွေးများဖြင့် ပြိုင်ပွဲနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုရဲနိုင်လင်း။**

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြု၍ အိမ်မွေးတိရစ္ဆာန် မွေးမြူသူများအသင်းမှ ကြီးမှူးကျင်းပသည့် အိမ်မွေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ရုံးဝင်းအတွင်း၌ ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအိမ်မွေးတိရစ္ဆာန် ပြပွဲ၊ပြိုင်ပွဲတွင် အဓိကအားဖြင့် ပြည်ပ မျိုးရင်း ခွေး၊ ကြောင်တို့ကို စီးပွားဖြစ်နှင့် ဝါသနာအရ မွေးမြူသူများက တင်သွင်းယှဉ်ပြိုင်ကြပြီး ပြည်တွင်းနှင့် တိုင်းခြား မျိုးရင်း ခွေး၊ ကြောင်တို့၏ လှပမှုနှင့် တတ်သိလိမ္မာမှုတို့ကို ပြပွဲလာပရိသတ်များ ကြည်နူးစွာ ရှုစားအားပေးကြရသည်။

အိမ်မွေးတိရစ္ဆာန် ပြပွဲ၊ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးပြီး Talent & Model အဖွဲ့မှ မော်ဒယ်များက သရုပ်ပြကြသည်။

ပြိုင်ပွဲဝင် ခွေးများကို ကျန်းမာရေးဆိုင်ရာ မွေးမြူရေးဆေးကုဆရာဝန်များ၏ အကဲဖြတ်မှု၊ ပြိုင်ပွဲ ကြီးကြပ်ဒိုင်လူကြီးများ၏ အကဲဖြတ်မှုများဖြင့် အမှတ်ပေး ရွေးချယ်ကြသည်။ ခွေးပြိုင်ပွဲ၌ ခွေးကြီးအုပ်စု၊ ခွေးလတ်အုပ်စုနှင့် ခွေးငယ်အုပ်စု ပြိုင်ပွဲများ ခွဲခြားကျင်းပသည်။

ပြိုင်ပွဲဝင် Persian **အမျိုးအစား ကြောင်တစ်ကောင်ကို တွေ့ရစဉ်။**

ဝါသနာအရ ဝင်ရောက်ယှဉ်ပြိုင်သည့် မရတနာ။

ဦးစွာ ခွေးကြီးအုပ်စုပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင် ခွေး ၄၂ကောင် ပါဝင်ယှဉ်ပြိုင်သည်။ ကိုယ်အလေးချိန် ၂၅ ကီလိုနှင့်အထက်ရှိပြီး ကိုယ်ထည် ၂၄လက်မအမြင့်ရှိသော ကြံ့ခိုင်ထွားကျိုင်းသည့် နိုင်ငံခြားမျိုးရင်းခွေးများကို ထိန်းကျောင်းသူများနှင့် ယှဉ်တွဲလျှောက်လှမ်းကာ ပရိသတ်အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

ဒုတိယအစီအစဉ်အဖြစ် ခွေးလတ်အုပ်စုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းရင်းမျိုး ပြည်တွင်း ခွေးအလှများ ပြိုင်ပွဲဝင်ယှဉ်ပြိုင်သည်ကို တွေ့ရသည်။ တိုင်းရင်းနှင့် ပြည်ပမျိုး ကိုယ်အလေးချိန် ၁၀ကီလိုမှ ၂၅ကီလိုရှိပြီး ကိုယ်ထည်အမြင့် ၁၈ လက်မမှ ၂၄လက်မရှိ နေ့စဉ် မြင်တွေ့နေကျအရွယ် ကျန်းမာသန်စွမ်းသည့် ခွေးများ၏ သရုပ်ပြမှုက တစ်မျိုးတစ်ဘာသာ ဖြစ်သည်။

တတိယအစီအစဉ်ဖြစ်သည့် ခွေးငယ်များ၏ ပြိုင်ပွဲမှာ ယခုပွဲ၏ အထွတ်အထိပ်ပင်ဖြစ်သည်။ ကျားမ၊ ကြီးငယ်ရွယ်လတ် ဝါသနာရှင်များ၏ ချစ်စဖွယ် ခွေးငယ်ကလေးများစွာကို တစုတဝေး မြင်တွေ့ရသည့် ပြိုင်ပွဲဖြစ်သည်။ အမျိုးမျိုး အစားစားသော၊ အရောင်အသွေးစုံသော၊ ပရိသတ်အာရုံကို အဆွဲဆောင်နိုင်ဆုံးသော ပြိုင်ပွဲဖြစ်သည်။ ပြိုင်ပွဲတွင် ခွေးကောင်ရေ ၄၂ကောင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရာနေရာ၌ တိရစ္ဆာန်အစာနှင့် ဆေးဝါးအရောင်းဆိုင်များ၊ အလှမွေး တိရစ္ဆာန်အရောင်းဆိုင်များ ခင်းကျင်းပြသရောင်းချလျက်ရှိရာ ပြပွဲလာ တိရစ္ဆာန်ချစ်သူများအတွက် လွယ်လင့်တကူ ဝယ်ယူခွင့်ရရှိနိုင်သည်။ ပြပွဲဒုတိယပိုင်း အစီအစဉ်တွင် စနစ်တကျ လေ့ကျင့်သင်ကြားထားသည့် အိမ်မွေးတိရစ္ဆာန်များ၏ တတ်သိလိမ္မာမှု စွမ်းရည်ပြပွဲပါဝင်သည်။ အလိမ္မာပြိုင်ပွဲဝင်များအတွက် ခေါ်လျှင်လာခြင်း၊ လူ၏ဘေးတွင် ကပ်ရပ်ခြင်း၊ ထိုင်ခြင်း၊ ဝပ်ခြင်း၊ ငြိမ်နေခြင်း၊ တန်းခုန်ခြင်း စသည့် အခြေခံအချက်ခြောက်ရပ်ကို မူတည်ပြီး ပါဝင်ယှဉ်ပြိုင်သည့် တိရစ္ဆာန်တို့ စွမ်းရည်ထက်မြက်လျှင် ထက်မြက်သလို အကဲခတ် အမှတ်ပေးသွားသည့် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင် တိရစ္ဆာန် ၁၂ ကောင် ပါဝင်ယှဉ်ပြိုင်ကာ ပရိသတ်အားပေးမှု အထူးရရှိခဲ့သည်။

ကြောင်ချစ်သူများအတွက် ပြိုင်ပွဲနောက်ဆုံးအစီအစဉ်ဖြင့် ပြပွဲ၊ ပြိုင်ပွဲကို ကျင်းပရာတွင် ပြိုင်ပွဲဝင် ကြောင်အကောင် ၂၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အများစုမှာ ပြည်တွင်းမျိုးရင်းများဖြစ်ပြီး ကြောင်ချစ်သူများနှင့် ချစ်စရာ ကြောင်သတ္တဝါငယ်များ၏ ထူးခြားသည့် အပြုအမူများကို ပြက်ပြက်ထင်ထင် ရှုမြင်ကြရသည်။ လှပထွားကျိုင်းသည့် ပြည်ပမျိုးရင်း ကြောင်များကိုလည်း တွေ့မြင်ကြရသည်။

ကြေးမုံသတင်းအဖွဲ့သည် ပြပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တိရစ္ဆာန်ချစ်သူနှစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ ဝါသနာအရ မွေးမြူထားသည့် ခွေးသုံးကောင်ဖြင့် ပြိုင်ပွဲဝင်သူ ကိုရဲနိုင်လင်းက “မိမိအနေဖြင့် ဝါသနာအရ ခွေးများမွေးမြူခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်မှာ ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ပြီး မိမိမွေးမြူထားသည့် သတ္တဝါများ၏အလှကို အများသူငါ မြင်တွေ့စေလိုသည့် ဆန္ဒရှိပါကြောင်း၊ ထို့အတွက် ဝါသနာတူများ ကျေနပ်ပျော်ရွှင်မှုရစေနိုင်မည်ဟု မျှော်လင့်ပါကြောင်း” ပြောကြားသွားသည်။

အခြားပြိုင်ပွဲဝင် တိရစ္ဆာန်ချစ်သူတစ်ဦးဖြစ်သူ မရတနာကလည်း “မိမိနေဖြင့် ယခုအကြိမ်မှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် စုစုပေါင်း ခွေးကောင်ရေ ခုနစ်ကောင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပထမအကြိမ် ဝိုင်စီဒီစီမှ ၂၀၀၃ခုနှစ်တွင် ကျင်းပသည့်ပွဲ၌ Pupy ပြိုင်ပွဲတွင် ဆုရရှိခဲ့ဖူးကြောင်း၊ မိမိ၏ ဖခင်မှာလည်း တိရစ္ဆာန်မွေးမြူသူဖြစ်ကြောင်း၊ ကြောင်၊ ငါးနှင့် ငှက် တို့ကို မိမိငယ်စဉ်ကပင် မွေးမြူခဲ့ကြောင်း၊ တိရစ္ဆာန်မှန်သမျှကို ချစ်တတ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ကြောင်ပြိုင်ပွဲ၌လည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ (အိမ်မွေး တိရစ္ဆာန် မွေးမြူခြင်းဖြင့် လူ့စိတ်နှလုံး ပျော့ပျောင်း နူးညံ့လာကာ ကောင်းမြတ်သော ပီတိကိုခံစားရနိုင်ခဲ့သည်မှာ မိမိကိုယ်တွေ့ပင်)ဖြစ်ကြောင်း” ပြောကြားသွားသည်။

အိမ်မွေးတိရစ္ဆာန် မွေးမြူခြင်းသည် မိသားစုဘဝ သာယာစိုပြည်နိုင်ခြင်း၊ ကလေးသူငယ်များအား ဇီဝဗေဒအခြေခံများ သိနားလည်စေနိုင်ခြင်း၊ ဓာတ်ခွဲခန်း သုတေသနပညာ တိုးတက်စေခြင်း၊ မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ပေးခြင်း၊ မိသားစုအိမ်ခြံနှင့် လုံခြုံရေး အထောက်အကူပေးခြင်း စသည်ဖြင့် အကျိုးပြုလျက်ရှိနေသည်။

ပြိုင်ပွဲဝင် Shih Tzu **အမျိုးအစားခွေးငယ်ကို တွေ့ရစဉ်။**

ထို့ပြင် ဤ ပြပွဲ၊ ပြိုင်ပွဲ ကျင်းပခြင်းဖြင့် အိမ်မွေး တိရစ္ဆာန်မွေးမြူရေး ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာကာ မွေးမြူရေးဆိုင်ရာ ဆေးပညာ၊ မျိုးရိုးဗေဒ ခွဲစိတ်မှုပညာများ တိုးတက်လာကာ ပြည်တွင်း၌ပင် မျိုးကောင်းမျိုးသန့် အိမ်မွေးတိရစ္ဆာန်များကို မွေးမြူနိုင်ခြင်း စသည့်အကျိုးများ ရရှိစေမည်ဖြစ်သည်။ ။

The LIVE NEWS ဂျာနယ်အမှတ်(၂၀)ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၁

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်အမှတ်(၂၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ၊ အမြင့်ပေ ၁၀၅၀၀ရှိသော နတ်မတောင်ထိပ်သို့ ILBC ခြေလျင်တောင်တက်အသင်း တက်ရောက်၊ လွတ်လပ်သော ကုန်သွယ်မှုဇုန် ကျောက်ဖြူတွင် တည်ထောင်မည်၊ ဒလမြို့နယ် မျက်လွှာပွင့်ဘုရားသို့ ဟိုင်းကြီးကျွန်းမှ စပါးကြီးမြွေတစ်ကောင် လာရောက်လှူဒါန်း၊ အမေရိကန်တပ်ဖွဲ့များက အီရတ်ရှိ အီရန်ကောင်စစ်ဝန်ရုံးအား ဝင်ရောက်စီးနင်းခဲ့၊ ဗင်နီဇွဲလား၌ ဆိုရှယ်လစ် သမ္မတဟူဂိုချာဗက်ဇ် ကျမ်းသစ္စာကျိန်ဆို၊ ဆိုမာလီ၌ အမေရိကန်လေကြောင်းတိုက်ခိုက်မှု မှန်းချက်နှင့် နှမ်းထွက် မကိုက်၊ သမ္မတဘုရှ်၏ အီရန်မဟာဗျူဟာအသစ်(သို့မဟုတ်) ရေနစ်သူ၏ နောက်ဆုံးကောက်ရိုးတစ်မျှင်၊ မလေးရှားကိုသွားမယ်ဆိုရင်၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဓာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။ The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း– ၂၂၉၈၈၂၊၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁–၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	စစ်ကိုင်းတောင်ရိုးသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ “ကိုယ့်စားကျက်မှာကိုယ်နေ တရားတော်”
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင် ကဏ္ဍ(အပိုင်း–၂) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ပဋိသန္ဓေတားဆီးခြင်း၊ ကိုယ်ဝန်ရှိခြင်းနှင့်ပျက်ခြင်း၊ အက်တိုးပစ်ကိုယ်ဝန်ဆိုင်ရာ ပြဿနာများ)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ခဲမဟုတ်တဲ့ခဲတံ
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	ပန်းရောင်စုံပွင့်လန်းလို့ငြိမ်ကော် အိမ်တွင်းမှုသင်တန်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	သွားကျန်းမာရေးပညာပေး ဟောပြောပွဲနှင့်အခမဲ့ ကွင်းဆင်းကုသခြင်း
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	ကုန်ပစ္စည်းမိတ်ဆက်
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ခွန်အားတိုးတက်အားအင် ပြည့်ဖြိုးစေမည့်နို့တစ်ခွက်
၁၀း၅၀	သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊မောင်ဂဠုန်)
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	Movies Talk [ဒါရိုက်တာဟိန်းဇော်၊ စည်သူမောင်(သရုပ်ဆောင်) တို့နှင့်တွေ့ဆုံခြင်း]
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(စိမ်းချိုသရက်သီး)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖို့မြေဓမ္မာရုံ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေဓမ္မာရုံတွင် (၈၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အကြိုတရားပွဲများတွင် ညစဉ် ၇ နာရီမှစ၍ ဇန်နဝါရီ၂၃ရက်၌ ဘဒ္ဒန္တစန္ဒသူရိယ (အောင်စကြာ ဆရာတော်)၊ ၂၄ ရက်တွင် ဘဒ္ဒန္တသုဇာတ(မေတ္တာအေးဆရာတော်)၊ ၂၅ ရက်တွင် ဘဒ္ဒန္တရာဇိန္ဒ (ရဝေနွယ်- အင်းမ)၊ ၂၇ရက်တွင် ဘဒ္ဒန္တဝိစာရ (မလွန်ဆန်အလှူဓမ္မကထိက) ဆရာတော်၊ ၂၈ရက်တွင် ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မဒူတ ဆရာတော်)၊ ၂၉ရက်တွင် ဘဒ္ဒန္တခေမာ သီရိလင်္ကာရ (ရွှေကျောင်းဆရာတော်) ၃၁ရက်တွင် ဘဒ္ဒန္တသုန္ဒရ (စွန်းလွန်းဂူ တိပိဋကဓရ ဆရာတော်)၊ ဖေဖော်ဝါရီ၁ ရက်တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) နှင့် ၂ ရက်တွင် ဘဒ္ဒန္တ ဒေါက်တာစန္ဒဝရာဘိဝံသ (ကျိုက္ကလော့ဆရာတော်) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝမ်းမြောက်ဂုဏ်ယူခြင်း

ပဋ္ဌာဗောဓိသမ္ဘာရအဖွဲ့ဝင်၏ နာယက(ဦးအုန်းမောင်)၊ ဒေါ်မိမိအုန်း တို့၏သမီး **ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရွှေနေချုပ်ရုံး)** အား နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **"သီရိသုဓမ္မသင်္ဂီ"** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေတိဂုံစေတီတော်ရာဟုထောင့်
ပဋ္ဌာဗောဓိသမ္ဘာရအဖွဲ့

ဝမ်းမြောက်ဂုဏ်ယူခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း၏ ဇနီး **ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရွှေနေချုပ်ရုံး)** အား နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **"သီရိသုဓမ္မသင်္ဂီ"** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုးတိုး၍ အထောက်အပံ့ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ရွှေမဥ္ဇူသီလရှင်စာသင်တိုက်

သင့်သွေးဖြင့် အသက်ကယ်ပါ

သချ်ာဦးအောင်သောင်း
G.C.E သင်တန်းများ၊ အငယ်တန်းသင်တန်းများ
အမှတ်(၇၀)၊ တတိယထပ်၊ ဗိုလ်ဆွန်ပက်လမ်း
ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၂၄၆၁၀၈

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ကပိုင်ရွာနေ
(ဦးစိန်ဌေး)-ဒေါ်တင်လှတို့၏သား
ဗိုလ်ကြီးတင်ဟန်လင်း B.A (History)
နှင့်
မုံရွာမြို့နေ ရဲမှူးကြီးမြင့်ဝေ-ဒေါ်တင်တင်ညွန့် တို့၏သမီးငယ်
မယဉ်ယဉ်နွယ် B.Sc (Maths;)

တို့၏ ၁၉-၁-၂၀၀၇ ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း အားလည်းကောင်း၊ ၂၀-၁-၂၀၀၇ ရက်နေ့ မုံရွာမြို့ ပေါ်ဦးခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ လက်ဖွဲ့ပေးပို့ ချီးမြှင့်ပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မေတ္တာဖြင့် ရတနာများကို ဆင်မြန်းပေးပါသော မန္တလေးမြို့ ပတ္တမြားရွှေဆိုင်မှ အန်တီစန်းထွေးအား လည်းကောင်း၊ ကြွရောက်ချီးမြှင့်သော ဧည့်ပရိသတ်များနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးတင်ဟန်လင်း-မယဉ်ယဉ်နွယ်

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဖေယျာသုခလမ်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ ဇန်နဝါရီ၁၇ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြသိန်းတန် ဓမ္မပူဇာ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၁

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းရှိ ပြည်တော်ပြန်တန်ခိုးရှင် မြသိန်းတန်ရုပ်ပွားတော်မြတ်ကြီး အကြိမ်(၄၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာတို့ဖြင့် ဇန်နဝါရီ၂၃ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ထိ ကျင်းပပူဇော်ကြမည်ဖြစ်သည်။

ဗုဒ္ဓပူဇာတွင် ရုပ်ပွားတော်မြတ်ကြီးအား အသံမစဲမဟာပဋ္ဌာန်းမြတ်ဖြင့် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ပူဇော်ပြီး ဓမ္မပူဇာတွင် ဇန်နဝါရီ ၂၇ ရက်၌ ဆရာတော် ဦးစရိယ(နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)၊ ၂၈ ရက်တွင် ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၂၉ ရက်တွင် ဦးသုစိတ(အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) ရန်ကုန်တိုင်းသံဃာ့ဝန်ဆောင်၊ ၃၀ ရက်တွင် ဘဒ္ဒန္တကေသရာဘိဝံသ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊၃၁ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)တို့က ဟောကြားတော်မူကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ဆွမ်းတော်ကြီးမဲများ ပို့ဆောင်လှူဒါန်း၍ ကျွေးမွေးဧည့်ခံပြီး ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ပင့်သံဃာအပါး ၄၀ တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကာ ရေစက်သွန်းချတရားတော်နာယူကြမည်။ ကြိုတင်လှူဒါန်းလိုသော စေတနာရှင်များ မြသိန်းတန်အောင်ဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝ၄)

လှိုက်လှဲဝမ်းမြောက်ဂုဏ်ပြုလွှာ

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း **(M.D, Dana Aung Production Co.,Ltd)** ၏ ဇနီး **ဒေါ်ခင်ချိုအုန်း** ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ **"သီရိသုဓမ္မသင်္ဂီ"** ဘွဲ့ကို ချီးမြှင့်ခံရခြင်းအတွက် မိသားစုနှင့်ထပ်တူအထူးပင် လှိုက်လှဲဝမ်းမြောက် ဂုဏ်ယူမိပါသည်။ ရှေ့သို့ ဆက်၍လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ဆရာဒါယကာ လက်တွဲကာ သာသနာအကျိုး၊ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

ပဓာန နာယကဆရာကြီး ဒေါ်သေ့ဝတီ
(သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့်
တပည့်သီလရှင်ဆရာလေးများ၊ သေ့ဝတီ သီလရှင်စာသင်တိုက် လယ်တီရပ် မုံရွာမြို့

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း၏ဇနီး ဒေါ်ခင်ချိုအုန်း
(ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး) အား နိုင်ငံတော်မှ

"သီရိသုဓမ္မသင်္ဂီ" ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နိုင်ငံတော်နှင့် သာသနာ့အကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

ဦးကြည်လွင်+ဒေါ်သီသီစန်း
ဦးရန်အောင်+ဒေါ်သင်းသင်းဝေ
ဦးကျော်စန်းမိုး+ဒေါ်သက်သက်နှင်း
ဦးမောင်လေး+ဒေါ်သန်းသန်းဝင်း

ဆရာစံရပ်ကွက် သုံးထပ်ဓမ္မာရုံ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ သုံးထပ်ဓမ္မာရုံကြီး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မော်လတ်က အမှာစကားပြောကြားပြီး ဓမ္မာရုံဥက္ကဋ္ဌ ဆင်မင်း ဦးတင်ရွှေ (သီဟသုဓမ္မမဏိဇောတဓရ)က ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ယင်းနောက် ဓမ္မာရုံသစ်ကြီးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မော်လတ်၊ ဓမ္မာရုံနာယက ဦးညွန့်ရင် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)၊ ဓမ္မာရုံဥက္ကဋ္ဌ ဆင်မင်းဦးတင်ရွှေ (သီဟသုဓမ္မမဏိဇောတဓရ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တတိယအကြိမ်အလှူတော်ငွေပေးအပ်ပွဲကို ဓမ္မာရုံအပေါ်ထပ်တွင် ကျင်းပရာ မတည်အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုအေး-ဒေါ်သီသီနိုင်၊ သား ကျော်ကိုကိုချစ်၊ ကျော်ကိုကိုဟိန်း မိသားစုက ကျပ်သိန်း ၃၅၀ **(ယာပုံ)** နှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မော်လတ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေသည်။

(က-ပ)

ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်) နာယက ဒေါ်ကြည်ခင် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦးအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျောက်ဆည်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၁

ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ပဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၀ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်ဓမ္မာရုံ ဗိမာန်တော်၌ ကျင်းပရာ အသင်းနာယက ဒေါ်ကြည်ခင်၊ ဥက္ကဋ္ဌ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)နှင့် အလုပ်အမှုဆောင်များက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီး ၁၀ ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်ကြပြီး အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် ဓမ္မာရုံ ငွေစာရင်း ရှင်းတမ်း၊ အသင်း၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင် ဖြည့်စွက်ချက်များအား အတည်ပြုကြကာ လစ်လပ်လျက်ရှိသော အမှုဆောင်တစ်နေရာအား ရွေးချယ် တင်မြှောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

သမီး မစန္ဒာ

သမီး အိမ်က ဆင်းသွားကတည်းက ဖေဖေ၊ မေမေ စိတ်မချမ်းသာပါ။ သမီးလေး အမြန်ပြန်လာပါ။ သမီးလေး အမြန်ဆက်သွယ်ပါ။မှတ်ပုံတင်လည်း ပါမသွားပါ။ အားလုံး ခွင့်လွှတ်သည်။

လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်။ သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

ပါပါး-မာမီး
ဖုန်း- ၂၉၉၀၈၃

၂၀၀၇ ခုနှစ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး အစီအစဉ်ကို ဇန်နဝါရီ ၂၁ရက်က ပန်းဘဲတန်းမြို့နယ် ၂၈လမ်းရှိ (၇)ရပ်ကွက်ရုံး၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ (၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းယုမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၉)

ရှမ်းပြည်တပ်မတော် အက်စ်အက်စ်အေ တပ်မဟာ (၇၅၈)က သဘောထားကြေညာချက်ထုတ်ပြန်ပြီး အမေရိကန်နှင့် ဗြိတိန်ကို ရှုတ်ချ

ဗီတိုအာဏာသုံးခဲ့သည့် တရုတ်နှင့် ရုရှားတို့အား အထူးကျေးဇူးတင်ကြောင်းကြေညာ

ရန်ကုန်　　ဇန်နဝါရီ　　၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်တပ်မတော် အက်စ်အက်စ်အေ တပ်မဟာ(၇၅၈)က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
SSA-S (မိန်းစင်)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး ကြေညာချက်ထုတ်ပြန်

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို လုံခြုံရေးကောင်စီမှတစ်ဆင့် လူ့အခွင့်အရေးအကြောင်းပြပြီး ဝင်ရောက်စွက်ဖက်ရန် ဆောင်ရွက်သည့် မည်သည့်လုပ်ရပ်ကိုမဆို ပြင်းထန်စွာရှုတ်ချ

ရန်ကုန်　　ဇန်နဝါရီ　　၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးက ဇန်နဝါရီ ၁၆ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် **စာမျက်နှာ ၇ ကော်လံ ၄ သို့** ❀

ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကြေညာချက်ထုတ်ပြန်

အမေရိကန်နှင့် ဗြိတိန်တို့၏ လုံခြုံရေးကောင်စီတွင် မူကြမ်းတင်သွင်းရန်ကြိုးပမ်းချက် တိုင်းရင်းသားညီအစ်ကိုများ၏ ကြိုးပမ်းအားထုတ်မှုကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်

ရန်ကုန်　　ဇန်နဝါရီ　　၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဇန်နဝါရီ ၁၇ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ(KNPDP)၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း

အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့်အတူ မြန်မာပြည်သူတို့၏ အောင်ပွဲအဖြစ် ထောက်ခံကြိုဆို

ရန်ကုန်　　ဇန်နဝါရီ　　၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

စာမျက်နှာ ၇ ကော်လံ ၄ သို့ ●

ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ရှုတ်ချ

ပြည်တွင်းရေးကိစ္စအား ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ကန့်ကွက်

ရန်ကုန်　　ဇန်နဝါရီ　　၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်

စာမျက်နှာ ၇ ကော်လံ ၄ သို့ ▲

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ကြေညာချက်ထုတ်ပြန်

ယခုလုပ်ရပ်သည် တပ်မတော်အစိုးရ ဆန့်ကျင်ရေးအင်အားစုများကို သိက္ခာတင် အဖတ်ဆယ်ပေးသည့် မအောင်မြင်သည့် လုပ်ရပ်အမှားဖြစ်

ရန်ကုန်　　ဇန်နဝါရီ　　၂၁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

ကုလသမဂ္ဂကို တလွဲအသုံးချပြီး မြန်မာနိုင်ငံကို ဒုက္ခပေးလိုသည့် အမေရိကန်နှင့် ဗြိတိန်တို့၏
မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်
ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏
သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆